မိုးကုတ်ဝိပဿနာ ဓမ္မကထိက

ရတနာပုံ–ဆရာချစ်ရေး

# ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းနှင့်

# သစ္စာသိမြင် နိဗ္ဗာန်ဝင်တရား


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်
( ၆၆၇၁ )

စတုတ္ထအကြိမ်ရိုက်။ အုပ်ရေ(၄၀၀၀)

၁၉၇၃-နိုဝင်ဘာလ အဘိုး ၁-ကျပ်။

ယောဂီပုံနှိပ်တိုက်၊ အမှတ် ၂၄၅-လွှစ္စလမ်း၊
ရန်ကုန်မြို့။

၁၆၇၇၅

မိုးကုတ်ဝိပဿနာ ဓမ္မကထိက

ကြည့်တိုက် ... ရန်ကုန်

ရတနာ့ပုံ–ဆရာချစ်ရေး

# ပဋိစ္စသမုပ္ပါဒ် ဖြတ်သိမ်းခွင့်

## သစ္စာသိမြင် နိဗ္ဗာန်ဝင်တရား

ဘာသာရေးဆိုင်ရာ စာပေဖွင့်ပြုချက်အမှတ်

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြို့ဟောင်း

စတုတ္ထအကြိမ် ... ကျောင်းမြို့နယ်၊ အုပ်ရေ(၅၀၀)

၁၉၇၃-ခုနိုဝင်ဘာလ အဘိုး ၁-ကျပ်။

ယောဂီပုံနှိပ်တိုက်၊ အမှတ် ၂၄၅-လသာလမ်း၊
ရန်ကုန်မြို့။

ကထိကများတို့ထက်။ အဂ္ဂ၊ မူလဒေသက အတိဝိစိတ္တရမဟာ ဓမ္မကထိက အမြတ်ကြီးမြတ်လှစွာသော။ ဗုဒ္ဓ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်ကို။ သာဒရံ၊ ရိုသေလေးမြတ်စွာ၊ ဝန္ဒာမိ၊ သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ယခု ရွတ်ဆိုရှိခိုးတာက တရားဦးအစ ပဏ္ဏာမ ဖြစ်တယ်၊ ဒီလို ပရိသတ်စုံစုံညီညီနှင့် တရားဟောတဲ့အခါ ကျမ်းတစောင် စာတဖွဲ့ကို ရေးသားကြတဲ့ အခါများမှာ ဆိုလို့ရှိယင် ဘုရားရှင်၏ သစ္စာလေးပါးအမှန်တရားကို ကိုယ်တော်တိုင်ပိုင်းခြား၍ သိမြင်တော်မူတဲ့ ဗုဒ္ဓဉာဏ်တော်, ဗုဒ္ဓဉာဏ်တော်များကိုသက်ဝင် ယုံကြည်တဲ့ သဒ္ဓါဖြင့် ပဏ္ဏာမပြုရတဲ့ အကျိုးများမှာ ဆိုယင် "ဗုဒ္ဓိသရဏာမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စရေ" ဘုရားရှင်၏ဂုဏ်တော် ဉာဏ်တော်များအား ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် ဒုက္ခခပ်သိမ်း တို့မှ ကင်းငြိမ်းလွတ်မြောက်ကြရတယ်၊ နှယ်နှယ်မမှတ်ကြနှင့်၊ မိမိတို့ လိုလားနှစ်သက်တဲ့ လောကီချမ်းသာ၊ လောကုတ္တရာ ချမ်းသာများကို ရနိုင်တယ်လို့မှတ်ကြ၊ ဒါကြောင့် .... ယခု အခါမှာ လွန်စွာ နက်နဲ ခက်ခဲလှတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းနှင့် တကွ ဝိပဿနာတရား၊ သစ္စာလေးပါးတရားတို့ကို ဟောကြားရမည့် အကျွန်ုပ်ကလဲ သစ္စာလေးပါးအမှန်တရားတို့ကို ထင်စွာ ပြလျက် နတ်နှင့်တကွသော လူရှင်အပေါင်းတို့ကိုလဲကောင်းစွာ မိမိသိစေတော်မူသော မဟာဉာဏ အသျှင် ဘုရားသခင်ကိုယ် တော်မြတ်ကြီးကို ဒုက္ခခပ်သိမ်းတို့မှကင်းငြိမ်းလွတ်မြောက်ပါစေ ဆိုတဲ့ အာသာ ယုံကြည်လှစွာသော ဩကပ္ပနသဒ္ဓါဖြင့်တရားဦး ပဏ္ဏာမပြုပါ၏။

စတုတ္ထအကြိမ်ရိုက်

# ဘုရားရှင်အာသီသ

ဓမ္မမေဃေန ဝဿန္တေ၊ သဗ္ဗေဟောန္တု အနာသဝါ။
ယေတ္ထပစ္ဆိမကာ သတ္တာ၊ သောတာပန္နာ ဘဝန္တု တေ။

ဓမ္မမေဃေန၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဖျက်ဖြတ်နိုင်ရာ သစ္စာလေးတန် ဓမ္မမှန်ကို ဝေဘန်သွန်းဖြိုး တရားမိုဃ်းတော်ကြီးကို။ ဝဿန္တေ၊ ဒေသနာဉာဏ်မြတ်ဖြင့် ကေန်ရွာချဟောပြတော်မူသည်ရှိသော်။ သဗ္ဗေ၊ ရှင်လူအစုံအဖုံဖုံများစွာတရားနာတို့သည်။ အနာသဝါ၊ အာသဝေါကင်းစင် ရဟန္တာအသျှင်ကြီးတို့သည်။ ဟောန္တု၊ တရားနာရင်း ဉာဏ်မြင်လင်း၍မယွင်းမှန်စွာ ဖြစ်ကြပါစေကုန်သတည်း။ ဧတ္ထ၊ ဤတရားနာလာသဒ္ဒါကြည်လင် များလူရှင်တို့တွင်။ ယေသတ္တာ၊ အမှတ်မထင် လူရှင်များစွာအကြွင်သတ္တဝါတို့သည်။ ပစ္ဆိမကာ၊ ဉာဏ်အားဖြင့် ထုံမှေး၍နှုံးနှေးနောက်ကျကုန်၏။ တေသတ္တာ၊ ထိုတရားတော်နာ များသတ္တဝါတို့သည်။ သောတာပန္နာ၊ ဒိဋ္ဌိဝိစိကိစ္ဆာပယ်ခွာနိုင်ပြီး သောတာပန်ပုဂ္ဂိုလ်ကြီးတို့သည်။ ဘဝန္တု၊ တရားနာရင်း သစ္စာဉာဏ်အမြင်ရှင်း၍ ထင်လင်းစွာ ဖြစ်ကြပါစေကုန်သတည်း။

တရားဦးပဏာမပြုပြီး ခန္ဓပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းတရားကို ဟောခါနီးမှာ အခုရွတ်ဆိုလိုက်တာက အပါဒါန်ပါဠိတော်မှာ လာတဲ့ဘုရားရှင်၏အာသီသဖြစ်ပါတယ်။ ဒီဘုရားရှင်အာသီသတော်မှာ ဆိုလိုရှိယင် တရားဟောတော်မူတဲ့ အခါများမှာ တရားတော်ကို နာကြားကြတဲ့ လူ-ရှင်များစွာသတ္တဝါတွေဟာ တရားနာရင်းအသိဉာဏ်ရှင်းပြီး အာသဝေါကင်းစင်တဲ့ရဟန္တာ

စတုတ္ထအကြိမ်ရိုက်

အရှင်ကြီးတွေ ဖြစ်ကြပါစေတဲ့၊ ဒီလိုမှ အရဟတ္တမဂ်ဉာဏ်ကို မရနိုင်ကြသေးတဲ့ သတ္တဝါဝေနေယျာများ ပါကြလို့ရှိယင်လဲ အဲဒီ သတ္တဝါလူ-ရှင်တွေဟာအနည်းဆုံး ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ခွာနိုင်တဲ့ သောတာပန်တွေ ဖြစ်ကြပါစေတဲ့၊ ဒါဟာ ဘုရားကိုယ်တော်မြတ်ကြီးက တရားဟောတော်မူတဲ့အခါတိုင်း- အခါတိုင်း နှတ်လူပြုဟာ သတ္တဝါတွေအပေါ်မှာ ထားရှိတဲ့အာသီသတော်ပါဘဲ၊ လွန်စွာ မြင့်မြတ်တော်မူလှပါတယ်၊ ဒီလိုမြင့်မြတ်တဲ့ အာသီသအတိုင်း ဒီတရားပွဲမှာ ကျုန်ုပ်တို့ဟောရမည့် တရားက အလွန်နက်နဲခက်ခဲပြီး သိမ်မွေ့လှတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းတရား၊ သစ္စာလေးပါးတရားများကို ဟောရမှာမို့ (ကျုန်နော်များရဲ့အာသီသကလဲ) ယခု တရားနာ ကြွလာကြတဲ့ သဒ္ဓါကြည်လင် ပါရမီရှင် သူတော်စင်များတို့ကိုလဲ တရားနာပြီး ဝိပဿနာတရားအားထုတ်နေစဉ်အတွင်းမှာပင် ရဟန္တာကြီးတွေ ဖြစ်ကြပါစေ၊ သောတာပန်ဖြစ်ကြပါစေဆိုတဲ့ အာသီသနှင့်ပင် ဟောပြောပါမယ်ဆိုဘာ ကြေငြာလိုက်ပါဘယ်။

## ခန္ဓာ အာယတနဓာတ် ကြောင်းကျိုးစပ်

## မရပ်နိုင်တယ် ချာချာလယ်

ဒီကနေ့ တရားပွဲမှာ ခန္ဓာ,ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်နေပုံကို ဟောပါမယ်၊ ဘာကြောင့်လည်နေပုံကို အယင်စပြီး ဟောရပါသလဲဆိုယင် ဒီခန္ဓာ,ပဋိစ္စသမုပ္ပါဒ်ရဲ့အကြောင်းနှင့် အကျိုးစပ်ပြီး လည်နေတဲ့ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ နှစ်ပါးကို မသိယင် ယောဂီတို့မှာ ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကို

ဖြတ်တတ်ကြမှာမဟုတ်ဘူး၊ ဖြတ်ချင်ပါတယ်ဆိုတာလဲ ပါးစပ်ပြောဖြစ်နေကြလိမ့်မယ်၊ ဒါကြောင့် အစမထင်တဲ့ သံသရာမှာ “သမုဒယသစ္စာ” အကြောင်းခံပြီး “ဒုက္ခသစ္စာ” အကျိုးနှင့် ဒီကနေ့အထိ ရင်ဆိုင်တိုးနေကြရတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လှည့်လည်နေပုံကို ပဌမ ဟောရတာ ဖြစ်ပါတယ်၊ ဖြတ်လမ်းကို နောက်မှဟောမယ်။

## ဘယ်လိုလယ်နေသလဲ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော ဖဿ၊ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။

ဒီ-မဇ္ဈိမနိကာယ မူလပဏ္ဏာသ ပါဠိတော် မဟာတဏှာသင်္ခယသုတ်မှ လာတဲ့အတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးဟာ အင်္ဂါတဆယ့်နှစ်ပါးတို့နှင့် မပြတ်မလပ် ဒလစပ် လယ်နေကြတယ်။

### ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးလယ်ပုံ

သစ္စာလေးပါးကို မသိတဲ့အဝိဇ္ဇာ
ပြုပြင်စီရင်တဲ့ .... သင်္ခါရ
ပဋိသန္ဓေ .... ဝိညာဏ်။

စတုတ္ထအကြိမ်ရိုက်

| | | |
|---|---|---|
| သိမှု့ ဖေါက်ပြန်မှု | .... | နာမ်-ရုပ်။ |
| ခွဲပေးတဲ့ | .... | သဠာယတန။ |
| ပူးတွေ့ပေးတဲ့ | .... | ဖဿ။ |
| ခံစားမှု | .... | ဝေဒနာ။ |
| တပ်မက်မှု-မက်မောမှု | .... | တဏှာ။ |
| စွဲလမ်းမှု | .... | ဥပါဒါန်။ |
| အားထုတ်မှု | .... | ဘဝ။ |
| ဖြစ်မှု | .... | ဇာတိ။ |
| ရင့်ရော်ပျက်စီးမှု | .... | ဇရာ- မရဏ။ |

အဲဒီ အင်္ဂါ ၁၂-ပါးတို့နှင့်သတ္တဝါတွေရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် လယ်နေတယ်လို့ ဘုရားရှင် ဟောကြားတောမူခဲ့တယ်၊ အဲဒါ ဟာ ယခုတရားနာကြတဲ့ယောဂီတို့ကစပြီးတော့ သတ္တဝါအနန္တ တွေ လယ်နေကြတဲ့ ပဋိစ္စသမုပ္ပါဒ်, အင်္ဂါ ၁၂- ပါးတို့ပါဘဲ၊ ဘာကြောင့် ဒီလိုလယ်နေကြတာလဲဆိုတဲ့ အချုပ်ကိုပြောရမယ် ဆိုရင် ခင်ဗျားတို့ ကျုပ်တို့လွန်ခဲ့ပြီးတဲ့ ရှေးအတိတ်ဘဝတွေက သစ္စာလေးပါးတို့ကို မသိတဲ့အဝိဇ္ဇာက ဦးစီးပြီးတော့ ကုသိုလ်, အကုသိုလ်,စျာန်,ဆိုတဲ့ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ပြုလုပ်မှုတွေကိုပြုလုပ်ပြီး လာကြတယ် ဒီလိုပြုလုပ်ခဲ့ကြတဲ့ သင်္ခါရကြောင့် "ပဋိသန္ဓေ" ဝိညာဏ်ဆို တာဖြစ်လာရတယ်၊ အဲဒီ ဝိညာဏ်ကြောင့် အာရုံကို သိတဲ့ နာမ်, ဖေါက်ပြန် ပျက်စီးတဲ့ရုပ်, ဆိုတာ ဖြစ်ပေါ် လာတယ်၊ အဲဒီ- နာမ်, ရုပ်ကြောင့် ခွဲပေးမှုလို့ဆိုတဲ့ အတွင်းအာယတန ၆-ခုတို့ဖြစ်ပေါ်လာကြရတယ်၊ ဒီ ၆-ခုတို့မှာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, နှလုံးသဘောတို့ပါဘဲ၊ ဒီ- အတွင်း

အာယတန ၆-ပါးတို့ဟာ ခန္ဓာ, ပဋိစ္စသမုပ္ပါဒ်ကြီးကို ကျယ်အောင် ချဲ့ပေးနေတယ်လို့မှတ်ကြ၊ ချဲ့ပေးတယ်ဆိုတာက စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံတဲ့ ဒီခန္ဓာမှာ ရှိတဲ့ မျက်စိ အာယတန ပသာဒ အကြည်ဆိုတဲ့ ရုပ်, နှင့် အပြင် ဗဟိဒ္ဓ အဆင်းရုပ် ၂-ခု တိုက်ဆုံမှုဖြစ်တဲ့အခါမှာ ဝိညာဏ်ဆိုတဲ့သဘာဝဓာတ် ၁-ခု ဖြစ်ပေါ်လာတယ်။ ဒီ ပေါ်လာတဲ့ သဘာဝ, ဟာ ရုပ်,မဟုတ်ဘူး၊ ရုပ် ၂-ခု တွေ့ဆုံထိခိုက်မှုကိုစွဲပြီးဖြစ်ပေါ်လာတဲ့ ဝိညာဏ်ဆိုတာ ဖြစ်တယ်။ အဲဒီ မျက်စိ, အဆင်းရုပ်, ဝိညာဏ်ဆိုတဲ့ ဓာတ်ပေါင်း ၃- ခုပေါင်းစပ်တွေ့ဆုံမှုကို အစွဲပြုပြီးတော့ ဒီခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်တွေ နယ်ချဲ့ကျယ်ပြန့်လာကာ ကြည့်လို့မြင်လို့ကောင်းတယ်, မကောင်းဘူး, လျစ်လျူဆိုတဲ့ ခံစားမှုဝေဒနာ ဖြစ်ပေါ်လာပြန်တယ်၊ ဒီလိုပေါ်လာတဲ့ ဝေဒနာသဘာဝကို ယထာဘူတ ဉာဏ်ဖြင့် ခန္ဓာကိုဉာဏ်လှည့်ပြီး ဒီဝေဒနာဟာ ဖဿကြောင့် ဖြစ်တဲ့ ဝေဒနာ သဘာဝ အမှန်ဘဲ ဖြစ်ပြီးတော့လဲ တခဏခြင်း ပျက်နေတာဘဲလို့ သိတဲ့ "သမုဒယဝယဓမ္မာ နုပဿီ" ဆိုတဲ့ ဖြစ်ပျက်ဉာဏ် မရှိခဲ့ရင် ( တနည်း ) အားဖြင့်ဆိုရင် ဒီ ဝေဒနာဟာ ပုဂ္ဂိုလ်, သတ္တဝါ ငါသူတပါး ယောကျ်ား၊ မိန်းမ,အတ္တ,ဇီဝ, မဟုတ်,ဖဿဆိုတဲ့ ဓာတ် ၃- ခုကိုစွဲပြီး ဖြစ်ပေါ်လာတဲ့ ဖြစ်ပျက်ဝေဒနာ ဘဲလို့ မသိခဲ့ယင် ယောဂီတို့မြင်တဲ့ အမြင်ခံရုပ်ပေါ်မှာ အတ္တဇီဝလို့ ထင်ပြီးဒိဋ္ဌုပါဒါန်ဆိုတဲ့ မြင်စွဲတန်းလမ်းကြီး ဖြစ်မနေကြဘူးလား....( ဖြစ်ပါတယ် ) ဒါတွင်မကသေးဘူး ဖဿဆိုတဲ့ အကြောင်းကြောင့် တမှုဟုတ်ခြင်းပေါ်လာတဲ့ ဝေဒနာပေါ်မှာလဲ ငါ့-ငါ့ဥစ္စာလို့ဆိုတဲ့ အတ္တဝါဒုပါဒါန်ကော ဖြစ်မနေကြ

ဘူးလား....(ဖြစ်ပါတယ်)ဒါတွင်မကသေးဘူး အဲဒီလို ဖဿနှင့် ဝေဒနာပေါ်မှာ ဒိဋ္ဌုပါဒါန် တန်းလမ်းရှိတဲ့အတွက် ဝေဒနာ ပစ္စယာ တဏှာဆိုတဲ့ တတ်မက်မှုဟာ တားလို့ ရကြပါတော့ မလား....(မရတော့ဘူး) ဒီလိုတားမရတော့ ကာမုပါဒါန်ဆိုတဲ့ ကာမဂုဏ်စွဲတွေ ဗလင်္ပေဖြစ်လာပြန်တယ်၊ အခုပြောနေတဲ့ဒါဟာ ခင်ဗျားတို့ရဲ့ ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကြီး တပတ်ပတ်လည် နေတာကိုပြောနေပါတယ်၊သဘောပေါက်ကြသလား (ပေါက်ကြပါ တယ်) အို..ယောဂီအပေါင်းတို့ အဲဒီတဏှာ ဥပါဒါန် ၂-ခု ပေါင်းတဲ့ "သမုဒယသစ္စာ" အကြောင်းခံလို့ရှိယင်ဖြင့် တဏှာ ပစ္စယာဥပါဒါန်၊ ဥပါဒါနပစ္စယာ ဘဝေါလို့ ဘုရားရှင်ဟော တော်မူခဲ့တဲ့အတိုင်း အားထုတ်မှုဘဝ၊ ဖြစ်မှုဇာတိ၊ ရင့်ကျက် ပျက်စီးမှုဆိုတဲ့ ဇရာမရဏ၊ စိုးရိမ်သောက၊ ငိုကြွေးရတဲ့ ပရိ ဒေဝ၊ကိုယ်ဆင်းရဲမှုဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ပြင်းပြစွာ ပင်ပမ်းခြင်းဆိုတဲ့ "ဒုက္ခသစ္စာ" ခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ကြီးဟာ ခန္ဓာ ၅-ပါးနှင့်လဲသည် ပိဋကတ်ခွန်း ၄-ပါးနှင့် လယ်လိုက် ခန္ဓာ ၁-ပါးနှင့်လယ်လိုက် အလယ်မရပ် တပတ်ပတ် အထပ် ထပ် မပြတ်အောင် လယ်နေကြရတယ်ဆိုတာ စကားတတ်လို့ ပြောနေတာမဟုတ်ပါဘူး ဘုရားဟောခဲ့တဲ့တရားပါသဘောပေါက် ကြပလား။

အို .... တရားနာပရိတ်သတ်အပေါင်းတို့ တယ်ကြောက်စရာ ကောင်းတဲ့ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကြီးနော်... ကြောက်စရာ မကောင်းဘဲ နေပါ့မလား၊ တဏှာလို့ဆိုတဲ့ သမုဒယသစ္စာက အကြောင်းခံပြီးတော့ လယ်ရဒါက ဒုက္ခသစ္စာနှင့်ချည်းလယ်နေ ဒါကို မှန်ကြရဲ့လား(မှန်ပါတယ်) ဒီလိုဆိုရင် ယောဂီတွေဟာ

ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီး အကြောင်းနှင့်အကျိုးဆက်စပ်ပြီး လယ်ပုံကိုဖြင့် တရားနာပရိသတ်က ဉာဏ်နားနဲ့ နှလုံးသွင်းပြီးစူးစူးစိုက်စိုက် နာကြားလိုက်တဲ့အတွက် ဒီတရားတပွဲထဲနဲ့ မျက်စိကဖြစ်တဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက်ကြပြီ .... (ပေါက်ပါတယ်)။

ဒါဖြင့်ယင် ဒီနေ့ညတရားပွဲမှာ တရားနာကြတဲ့ပရိသတ်တွေဟာ တရားနာကျိုး နပ်ကြပြီလို့ ဆိုရလိမ့်မယ် .... (နပ်ပါတယ်) ဒါပေမဲ့လို့ ဒီမျှလောက်နဲ့ တင်းတိမ်ပြီးမသွားကြနဲ့ နားနှင့်အသံကြားတာ ၂-ခုကို အမှီသဟဲ အစွဲပြုပြီးတော့ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရားကို ဉာဏ်နားနဲ့ နာကြားကြပါအုံး၊ အို....ယောဂီအပေါင်းတို့ "သောတာယတန" လို့ ဆိုတဲ့ နားပသာဒအကြည်ကိုယ်တွင်း ရုပ်နှင့် သဒ္ဒ ဆိုတဲ့ အသံရုပ် ၂-ခု တိုက်ဆိုမှုဖြစ်တဲ့အ ခါ မှာ ကြား ဆိုတဲ့ သော တ ဝိ ညာဏ် ဆို တာ ပေါ်လာတယ်၊ သောတဉ္စပဋိစ္စသဒ္ဒေစ ဥပ္ပဇ္ဇတိသောတဝိညာဏံတဲ့ဒါဘုရားဟောမဟုတ်လား....(ဟုတ်ပါတယ်)ဟုတ်ရင်ကိုယ်တွေ့ဖြစ်အောင် ခန္ဓာမှာ ဉာဏ်လှည့်ပေးပါ၊ အဲဒီပေါ်လာတဲ့အပွင့်ခာတ် ဝိညာဏ်ရယ်၊နား,ရုပ်,အသံရုပ် ၂-ခုရယ်၊ ဒီဓာတ်ပေါင်း ၃-ခုတွေ့ဆုံမှုကို ဖဿလို့ခေါ်တယ်၊ "တိဏ္ဏံ သင်္ဂတိဖဿော" ဓာတ်သဘောအရ လတ်တလောတခဏ ပေါ်လာတယ်ဆိုတာသဘောပါကြပလား....(ပါကြပါတယ်) ဒါဖြင့်ယင် အဲဒီ ဖဿကြောင့် ကြားတဲ့ အသံကလေးပေါ်မှာ ကောင်း -မကောင်းခံစားတဲ့ဝေဒနာကော မပေါ်ဘူးလား....(ပေါ်တယ်) အသံရှင်ကလေးကော မရှာဘူးလား.... (ရှာပါတယ်) ဘာဖြစ်လို့ ရှာတာလဲ....(လိုချင်တပ်မက်လို့ရှာပါတယ်)။

စတုတ္ထအကြိမ်ရိုက်

အို....ဒုက္ခဖြစ်ကုန်ပြီ တရားနာပရိသတ်အပေါင်းတို့ .... ဒီလိုဖြစ်ရတာဟာ နားနှင့် အသံ ၊ စပြီး ဖြစ်ပေါ်လာတဲ့ ဝေဒနာ၊ တဏှာ စပ်နေတဲ့အစပ်ကို ဝိပဿနာဉာဏ်နှင့် မခွဲနိုင်မဖြတ်နိုင်လို့ ဒီနားသံသရာကြီး လည်နေပြန်တာပေါ့....( မှန်ပါတယ် ) ဒုက္ခပါဘဲနော်....သိပ်ကြောက်စရာကောင်းတယ်၊ ဒီမျှမကသေးဘူး၊ အဲဒီအသံကလေးကြားပြီး ကြားလို့ကောင်းတဲ့ ဝေဒနာခံစားမှုနှင့် တပ်မှု ၂-ခုစပ်မှာ ဖြစ်-ပျက်-ဖြစ်-ပျက်- ဆိုတဲ့ ယထာဘူတဉာဏ်နှင့် မဖြတ်နိုင်လို့ရှိယင် တဆက်ထဲ လိုက်လာမှာတွေက အသံကလေးကိုစွဲတဲ့ဥပါဒါန်၊ အသံရှင်ကလေးမတွေ့ တွေ့အောင် အားထုတ်ရှာရတဲ့ ဘဝဖြစ်လာပြီ ဇာတိ-ရင့်ရော် ပျက်စီးပြန်ပြီ၊ ဇရာ မရဏပြီးတော့ ကိုယ်ကြားချင်တဲ့ အသံ ၊ လေး ပျောက်သွားတာရယ်၊ အသံရှင်ကလေးနှင့် ကွဲရတာရယ်ဆိုတဲ့ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ- ဆိုတဲ့ ဒုက္ခသစ္စာချည့်ထပ်ထပ်လာတယ်၊ သုခဆိုတာ သခ်ိတနယ်မှာ မရှိဘူး၊ဒါပေမဲ့ သတ္တဝါတွေက ဝေဒနာအနေနဲ့ သက်သာမှုဖြစ်တဲ့ ဝေဒယိတသုခကို ချမ်းသာလို့ထင်ပြီးအမြင်မှားနေကြတာစင်စစ်မှာတော့ ဒုက္ခသစ္စာဘဲ၊သဘောပေါက်ကြပလား၊ အခုဟောတာဟာ ယောဂီတို့ရဲ့နားထဲမှာ လည်နေတဲ့ ဒုံ ကြောင်းနှင့်အကျိုး စပ်ပြီးဖြစ်တဲ့ နား ပဋိစ္စသမုပ္ပါဒ်လို့မှတ်ကြ။

နှာခေါင်းက နံ့စိတ်ပေါ်တဲ့အခါမှာ "ဃာနဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော" ဘုရားဒေသနာအရကို မြန်မာစကားနှင့် ဟောရမယ် ဆိုယင် ကိုယ်မှာရှိတဲ့ နှာခေါင်းပသာဒရုပ်နှင့် အပြင်မှာရှိတဲ့အနံ့ ရုပ်၊ဒီ ၂-ခု တိုက်ဆိုလို့သာ နံ့စိတ်ဖြစ်ပေါ်ရတာပါ၊ ပေါ်လာတဲ့နံ့စိတ်ကို ယောဂီ

တို့က သဘောပေါက်အောင် နှလုံးသွင်းရမှာက ဒီနံစိတ်ဟာ နှာခေါင်းနှင့် အနံ့လို့ဆိုတဲ့ ရုပ် ၂-ခုတိုက်လို့ ပေါ်တာ အမှန်ဖြစ်တဲ့အတွက် ရုပ်ကအကြောင်း၊ နံစိတ်က အကျိုးဘဲလို့ ဆိုတာကို သဘောပေါက်ကြရမယ်၊ ဒီနောက် ခေတ်ပေါင်း ၃-ခုတွေ့ဆုံမှုဆိုတဲ့ ဖဿသဘော၊ အနံ့အာရုံရဲ့အရသာကို ခံစားတဲ့ ဝေဒနာသဘော၊ အနံ့အာရုံကို တပ်မက်တဲ့ တဏှာသဘော မွှေးတဲ့အနံ့ကို စွဲလမ်းတဲ့ ဥပါဒါန်ဆိုတဲ့ ဃာန ပဋိစ္စသမုပ္ပါဒ်တရားတွေဟာ ဆက်ခါ ဆက်ခါ လည်နေကြတာဘဲ၊ ဒီလိုလည်ခဲ့ကြရတဲ့ အနန္တဘဝများစွာတို့မှာ သမုဒယသစ္စာကိုအကြောင်းခံပြီး ဒုက္ခသစ္စာချည့် လည်လာခဲ့ကြရတယ်၊ ဒါပေမယ်လို့ သတ္တဝါတွေ အနန္တဟာခန္ဓာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးစပ်ပြီး ဖြစ်-ပျက်နေတဲ့ ဒုက္ခသစ္စာကိုမသိတော့ ဒီနေ့အထိ လည်နေတဲ့ ဒုက္ခကြီးကို ပိုက်ဖက်ပြီး ထားကြသေးတယ်၊ အတော်ကိုသနားစရာကောင်းတာဘဲ၊ ဒါကြောင့်လဲ (ကျနော်က) ဒီ ခန္ဓာပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး လည်နေပုံများကို အာယတန နည်းနဲ့ ခင်ဗျားတို့ သဘောပေါက်အောင် အခေါ်အပမ်းခံပြီး ဟောနေရပါတယ်၊ ကဲ.... စား, သိစိတ်ကို အာရုံစိုက်ကြပါ၊ စားစိတ်ဖြစ်တဲ့အခါမှာ....

ဇိဝှာစ ပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ၊ ဇိဝှာဝိညာဏံ တိဏ္ဏံသင်္ဂတိ ဖဿော ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်ပါဘဲ။

အဓိပ္ပါယ်သဘောကတော့ ဇိဝှာယတန-ဆိုတဲ့ လျှာရုပ်နှင့် အပြင်က ရသ,ရုပ် ၂-ခု တိုက်ဆုံသည့် အတွက် စားသိစိတ် ဝိညာဏ်ဆိုတာလဲ သူ့အကြောင်းနဲ့သူ့အကျိုးဟာ ဆက်စပ်ပြီး

ပေါ်လာတာဘဲ၊ အဲဒီခါတ်သုံးခု တွေ့ဆုံမှုဖဿကြောင့် စားလို့ကောင်းတဲ့ အရသာခံစားမှု ဝေဒနာပေါ်တယ်၊ ဒီဝေဒနာကြောင့် အရသာကို တပ်မက်တဲ့တဏှာ၊ အရသာကို စွဲလမ်းတဲ့ ဥပါဒါန်ဆိုတဲ့ ကိလေသာနယ်ချဲ့ လုပ်ငန်းတွေဟာ တဆက်ထဲပေါ်လာကြတယ်၊ အဲဒါဟာ လျှာ, အရသာ, စားသိဝိညာဏ်ဆိုတဲ့ ဖဿက ချဲ့ပေးလို့ ကျယ်ရ - လည်ရတဲ့ စားစိတ် ပဋိစ္စသမုပ္ပါဒ်ပါဘဲ၊ သဘောပါကြရဲ့လား၊ ဒီမျှမကသေးဘူး၊ ဘဝ, ဇာတိ, ဇရာမရဏကျအောင် ဒုက္ခသစ္စာ, ခန္ဓာစက်ယန္တရားကြီးဟာ သွက်သွက်ခါအောင် လည်နေတယ်၊ရိပ်မိပလား .... (ရိပ်မိပါပြီ)ဒါဖြင့် ထိ-သိ-စိတ်ကို အာရုံဆက်စိုက်ကြ တရားနာတို့ရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ချဲ့ပေးနေတဲ့ အာယတနနည်းကိုပြီးအောင် ဟောမယ်၊ တရားနာပရိသတ်တို့က ခန္ဓာမှာ ဉာဏ်လှည့်ယင် ခြောက်ဒွါရက ချဲ့ထွင်နေတဲ့သဘောကို ရိပ်စား နားလည်ကြမှာဘဲ၊ နားလည်မှ မြင်မှားမှုဆိုတဲ့ဒိဋ္ဌိကပြုတ်မှာ ခန္ဓာဉာဏ် အရောက် ပို့ပေးနေတာ။

အို....တရားနာ ပရိသတ်အပေါင်းတို့....

ထိ-သိစိတ်ဖြစ်တာဟာ အကြောင်းရှိတယ်လို့ မှတ်ပါ၊ သူဘာကြောင့် ဖြစ်ပေါ်ရတာလဲလို့ဆိုယင်....

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ၊ ကာယဝိညာဏံ တိဏ္ဏံ
သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ
တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ။

စတဲ့ ဘုရားဟောပါဠိတော်အရ ခန္ဓာမှာ နေရာအနှံ့အပြားရှိတဲ့ ကာယပသာဒရုပ်နှင့် အပြင်က တိုက်ခိုက်တွေ့ထိတဲ့ ဖောဋ္ဌဗ္ဗရုပ် ဒီ ၂-ခု တိုက်ဆိုမှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ပါ၊ သူ့

စတုတ္ထအကြိမ်ရိုက်

အကြောင်းကြောင့် သူ့အကျိုးဆက်ဖြစ်တဲ့ ပဋိစ္စသမုပ္ပန္န မေမ့ဆိုတဲ့ ထိသိစိတ်ဖြစ်ပေါ်လာရတယ်ဆိုတာကိုတရားနာပရိသတ်သိရမှာက သညာဝိပ္ပလ္လာသလို့ဆိုတဲ့ အမှတ်မှား ကင်းကင်းရှင်းရှင်းနဲ့ သိကြစမ်းပါ၊ ဒီအမှတ်မှားကင်းသွားယင် အမြင်မှန်လာမယ်၊ အမြင်မှန်ယင် အသိလဲမှန်တယ်၊အသိမှန်ယင် ဒိဋ္ဌိဝိစိကိစ္ဆာသေတယ်၊ဒါမှ သောတာပန်ဖြစ်မယ်၊ သဘောပါကြရဲ့လား၊ ဒီတရားက ခန္ဓာဉာဏ်ပို့နေတယ်လို့မှတ်ပါ။

အို....တရားနာပရိသတ်အပေါင်းတို့ ဆက်ဟောဘို့ရာ မနာယတနတပါး ကျန်ရှိနေပါသေးတယ်၊ ခန္ဓာကိုဉာဏ်စိုက်ကြပါ။

မနံစ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ၊ မနောဝိညာဏံ
တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊

ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်လို့ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း ကြံ-သိ-စိတ်ရဲ့သဘာဝကို ဟောရမယ်ဆိုယင် ဟဒယဝတ္ထုကို အမှီပြုနေတဲ့ နှလုံးအကြည်ရုပ်နှင့် ဓမ္မာရုံ ဒီ ၂-ခု တိုက်ဆုံမှုကြောင့် ကြံစည်- သိစိတ်ဆိုတဲ့ သဘာဝ ဖြစ်ရတာဘဲ၊ အဲဒီခေါတ်ပေါင်း ၃-ခုတွေ့ဆုံမှုက ဖဿဖြစ်တယ်၊ အဲဒီဖဿက ချပေးလို့ ကြံလို့ကောင်းတဲ့ခံစားမှု ဝေဒနာ ပေါ်လာတယ်၊ ဝေဒနာရင့်လို့ကြံလို့ကောင်းတာကိုတပ်မက်တဲ့တဏှာဟာ ထင်ရှားဖြစ်တယ်၊ တဏှာရင့်တော့ ဥပါဒါန်ဘဝ,ဇာတိ,ဇရာ,မရဏ,သောကပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသဆိုတဲ့ဒုက္ခသစ္စာဒဏ်ချက်တွေ ဗလဗွေဖြစ်လာကြရတယ်။

ဒီလိုချည့် ဘုံသုံးပါးထဲမှာ ဒုက္ခသစ္စာဘွဲ့ခံ နာမ်-ရုပ်လို့ ဖြစ်လာပြီဆိုယင်ဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီးဟာ တချာချာတပတ်

စတုတ္ထအကြိမ်ရိုက်

ပတ်နှင့် အကြောင်းနှင့်အကျိုး ၂-မျိုးဆက်စပ်ပြီးလည်နေတော့ တာဘဲ၊ ဒီလိုလည်ကြရတယ်လို့ဆိုတာ တခြားတပါးမှာ သွားလည်တာမဟုတ်ဘူး၊ကိုယ်ခန္ဓာမှာ လည်နေတာ၊ သဘောပါကြ ရဲ့လား....ပါကြပါတယ်) အဲဒါဟာ အဝိဇ္ဇာ သင်္ခါရ အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့နဲ့ လည်နေတဲ့ အာယတနနည်း ပါဘဲ၊ဒီနည်းမှာ တရားနာပရိသတ်အထူးမှတ်စေလိုတာကတော့ အခုဟောတဲ့ အာယတန ၆-ပါးရှိတဲ့အနက်က မြင်စိတ်ကိုရှုတဲ့ အခါမှာ အကြောင်းနှင့် အကျိုးကို သဘောပေါက်အောင် "အာတာပီ သမ္ပဇာနော သတိမာ"အားထုတ်မှုရယ်၊ဉာဏ်ရယ်၊ သတိရယ်၊ ဒီ ၃-ခုကို လက်ကိုင်ထားပြီး ရှုရမယ်၊ ဒီ ၃-ခု လက်လွှတ်ယင် ကိလေသာက ကြားဝင်လာမယ်၊ ကြားမဝင်အောင် အလုပ်ကိုသာ ဖိပြီးကြိုးစားရမယ်လို့မှတ်ကြ၊ အရေးကြီးတယ် နော်....နာရီကြားရုံကလေးနှင့် ပြီးပြီလို့ မထင်ကြပါနဲ့။

ကိုင်း....ကိုင်း ... တနာရီနီးပြီ၊ ဒီနည်းအတိုင်းမှတ်ပြီးတော့ ကြားစိတ်၊ နံစိတ်၊စားစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်များကို သူ့ ဒွါရနှင့် သူ့အာရုံတိုက်ဆိုင်မှုဖြစ်လို့ ပေါ်လာတဲ့အခါများမှာလဲ ပေါ်တဲ့စိတ်ကိုသာ သတိ၊ဉာဏ်နှင့် မပြတ်မလတ် အထပ်ထပ် အခါခါရှုပေးနေယင်ဖြင့် ဩော်.... အကြောင်းကြောင့်အကျိုး ဖြစ်နေတဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီးဘဲလို့ ဆိုတဲ့ အသိဉာဏ်ဟာ ခန္ဓာမှာ ဆောက်လာပြီးတော့ အပါယ်ကိုချနေတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သေတာဘဲ၊ပိုင်ကြပလား....(ပိုင်ပါတယ်) "ကြည့်စမ်း" ဒီတရား တပွဲထဲနဲ့ ဒိဋ္ဌိပြုတ်တဲ့လုပ်ငန်းကို ရသွားကြတာဟာ ဝမ်းသာ စရာကောင်းကြရဲ့လား.... (ကောင်းပါတယ်) ယရားနာကျိုး ကော မနပ်ကြဘူးလား....(နပ်ပါတယ်) ဒါဖြင့်ယင် ယခုတရား

နာကြတဲ့ ယောဂီများမှာ ဆရာကောင်း - သမားကောင်းများရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ဆက်စပ် ဖြစ်ပျက်နေတဲ့ခန္ဓာ ဉာဏ်ရောက်တရားကို နာကြားအားထုတ်တဲ့အတွက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာပြီး သောတာပတ္တိမဂ္ဂ ဖလဉာဏ်ကိုရကြောင်း ကောင်းမြတ်တဲ့ ဝိပဿနာလုပ်ငန်းကို တကယ်တမ်း ရကြတယ် ဆိုတော့ ပါရမီရှင်တွေဖြစ်ကြတယ်လို့ ဆိုရမှာဘဲ၊ ကဲ .. ကဲ.... ပါရမီရှင်များဖြစ်ကြတဲ့အတိုင်း ကြုံရှိတဲ့ နာရီပိုင်း အချိန်မှာ ဆက်ပြီး နာကြားကြ။

ပဋိစ္စသမုပ္ပါဒ် အခြင်းအရာ ၂၀ ပါး

(က) အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ, ဒီ ၅-ပါး တတွဲမှတ်။

(ခ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ၅-ပါးက တတွဲ။

(ဂ) တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ, ၅-ပါး တတွဲထား။

(ဃ) ဝိဉာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ၅-ပါး၊ တတွဲအားဖြင့် ခန္ဓာ ပဋိစ္စသမုပ္ပါဒ် စက်ယန္တရားကြီး လည်တဲ့ နေရာမှာ ဒီလိုအခြင်းအရာ အားဖြင့် ၂၀- အရေအတွက် ရှိနေတာများကိုလဲ မှတ်ကြရမယ်။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ၂-ပါး

အထက်မှာ ဖေါ်ပြတဲ့....

(က) အတွဲက အတိတ်အကြောင်း ၅-ပါး။

(ခ) အတွဲက ပစ္စုပ္ပန်အကျိုး ၅-ပါး။

(ဂ) အတွဲက ပစ္စုပ္ပန်အကြောင်း ၅-ပါး။
(ဃ) အတွဲက အနာဂတ်အကျိုး ၅-ပါး။

ဒီလို အကြောင်း အကျိုး ၂-မျိုး ဆက်စပ်ပြီးတော့လဲ သတ္တဝါအနန္တတွေမှာ ခန္ဓာ, ပဋိစ္စသမုပ္ပါဒ် လည်နေတယ်လို့ မှတ်ကြ။

### ပဋိစ္စသမုပ္ပါဒ်အလှာ ၄-ပါး

အလှာ ၄-ပါးဆိုတာက ပြခဲ့တဲ့ အကြောင်းအကျိုး ၂-ပါး ရှိသည့်အနက်....

(က) အကြောင်း ၅-ပါးက တလှာ။
(ခ) အကျိုး ၅-ပါးက တလှာ။
(ဂ) အကြောင်း ၅-ပါးက တလှာ။
(ဃ) အကျိုး ၅-ပါးက တလှာဟုမှတ်။

### ပဋိစ္စသမုပ္ပါဒ်အစပ် ၃ ပါး

၁။ သင်္ခါရနှင့် ဝိညာဏ်ကတစပ်။
၂။ ဝေဒနာနှင့် တဏှာကတစပ်။
၃။ ဘဝနှင့် ဇာတိက တစပ်ဟုမှတ်။

### မူလ ၂-ပါး

၁။ သစ္စာလေးပါးကိုမသိတဲ့ အဝိဇ္ဇာကမူလတပါး။
၂။ လိုချင်တပ်မက်မှုတဏှာက မူလတပါးဟုမှတ်။

### ကာလ ၃-ပါး

၁။ အဝိဇ္ဇာ, သင်္ခါရ ၂-ပါးက အတိတ်ကာလတပါး။
၂။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဒီရှစ်ပါးတို့က ပစ္စုပ္ပန် ကာလ တပါး။

၃။ ဇာတိ, ဇရာ, မရဏ, ၂- ပါးတို့က အနာဂတ်ကာလ တပါးဟု ကာလ ၃-ပါးမှတ်။

**ဝဋ်သုံးပါး**

၁။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ၃-ပါးတို့က ကိလေသာဝဋ်။

၂။ သင်္ခါရ၊ ကမ္မဘဝ ၂-ပါးတို့က ကမ္မဝဋ်။

၃။ ပဋိစ္စသမုပ္ပါဒ်၊ ကျန်တစုတို့က ဝိပါကဝဋ်ဟုမှတ်။

**သစ္စာ ၂-ပါး**

၁။ အကြောင်း "သမုဒယသစ္စာ" နှင့်

၂။ အကျိုး "ဒုက္ခသစ္စာ" ဟု မှတ်။

**ပဋိစ္စသမုပ္ပါဒ်ဆောင်ပုဒ်လင်္ကာ**

မူလ နှစ်ဖြာ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ ဝဋ်သုံးဝနှင့်၊ကာလသုံးဖြာ၊ခြင်းရာ နှစ်ဆယ်၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာစက်၊ လည်ကြောင်းတည်း။

အို....တရားတော်နာ သူတော်စင်အပေါင်းတို့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးက၊ တပတ်ပတ်နှင့်၊ မပြတ်မလပ် အကြောင်းနှင့် အကျိုး၊ ဆက်စပ်ပြီး လှည့်လည်ပေးနေတာက (သူများ)မဟုတ်ဘူး၊ မူလနှစ်ဖြာ,လို့ဆိုတဲ့ အဝိဇ္ဇာနှင့် တဏှာပါဘဲ၊ အဝိဇ္ဇာက သစ္စာလေးပါးတို့ကို မသိဘူး၊ တဏှာက ကာမ, ဝိဘဝ, တို့ကို တပ်မက်တယ်၊ မသိလို့ တပ်မက်, တပ်မက်လို့ လိုချင်၊ လိုချင်လို့ စွဲလမ်း၊ စွဲလမ်းလို့ ပြုလုပ်-ပြုလုပ်တော့ ဒုက္ခသစ္စာ ခန္ဓာ ၅- ပါးအကျိုးကို ရကြတာဘဲ ....၊ ဒါကြောင့် ကျေးဇူးရှင် မိုးကုတ် ဆရာတော် ဘုရားကြီးက

"အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ ဥပါဒါန် ကံကြောင့် နာမ်, ရုပ် ပေါ်" ဒီလင်္ကာကိုစပ်ဆို ဟောကြားတော်မူခဲ့တယ်၊ အဓိပ္ပါယ် ကတော့ လွန်လေပြီးတဲ့ကာလက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံအကြောင်းရင်းခံပြီးတော့ လာခဲ့ကြတဲ့အတွက် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါး၊ ဝိပါကဝဋ်ဆိုတဲ့အကျိုးတရားတွေကို၊ ဘဝအသခြေ အနန္တက ဒီကနေ့ကျအောင် ရနေကြတယ်၊ အဲဒီရလာခဲ့သမျှ ဘဝကမ္ဘာအနန္တတို့မှာလဲ ပဋိသန္ဓေ အို၊ နာ၊ သေ ဆိုတဲ့ ဒုက္ခ သစ္စာနဲ့ချည်း ကျင်လည်ပြီး လာခဲ့ကြတယ်။

ဒါကြောင့်...."သစ္စာနှစ်တန်၊ ပွက်ပွက်လန်၍၊ သုံးတန်ကာ လ၊ အတိတ်မှပစ္စုပ္ပန်၊ တဖန် အနာဂတ်၊ မရပ်မတည်၊ ထပ် ထပ်သာလည်တော့ အတည်မကျ ဘဝနိမ့်မြင့် အဆင့်မတည်" ဆိုတဲ့အတိုင်း သမုဒယကြောင့် ဒုက္ခ၊ သမုဒယကြောင့်ဒုက္ခနှင့် မြုပ်သမျှ မြောသမျှ အဟောဝတ ဒုက္ခတွေကိုအတောမသတ် အောင် ခံစားပြီး လာခဲ့ကြရတယ်၊အဲဒီလိုညှို့ ဒုက္ခ, သမုဒယ သစ္စာ ၂-ပါးတို့၏ လက်ချက်ဖြင့် သွက်သွက်ခါချာချာလည်ပြီး နေလာခဲ့ကြရတာ ဘယ်နေ့ကစပြီး လည်ကြဒါလဲ ဆိုရင် ....

အနာဒိကော၊ ယံသံသာရော၊ ပုဗ္ဗကောဋိနပညာယတိ။

အယံသံသာရော = ဤခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး သည်၊ အနာဒိကော= ဘယ်နေ့ဘယ်လဘယ်ကာလကစ၍ ခုထိ ဖြစ်လာသည်ဟု အစမရှိချေ၊ ပုဗ္ဗကောဋိ=လွန်လေသေးဖြစ်တဲ့ အစအစွန်းကို၊ နပညာယတိ= နဂိုကမရှိ၍ မသိအပ် မမြင်အပ်ပေ သတည်း။

အို....ဓမ္မအဆွေတော်အပေါင်းတို့ ဒီ-အနမတဂ္ဂသုတ် ပါဠိ တော်အရ သဘောပေါ်အောင် ပြောရမယ်ဆိုယင် ကျွန်ုပ်တို့ရဲ့

ခန္ဓာပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စက်ယန္တရားကြီးဟာ အစ အစွန်း တခုအနေနဲ့ ဘယ်နေ့ ဘယ်လ ဘယ်ကာလကစပြီး ဖြစ်လာခဲ့ တယ်ဆိုတာ အစမရှိပါဘူး၊ အခု ပစ္စုပ္ပန်လက်ရှိခန္ဓာမှ စ,တာက တော့ အဝိဇ္ဇာနှင့်သင်္ခါရ ၂-ပါးတို့က စ,တယ်ဆိုတာဘုရားရှင် ဟောပါတယ်၊အဲဒီအဝိဇ္ဇာနှင့်သင်္ခါရအစဟာ ဘယ်နေ့ကစတာ လဲလို့မေးရင် အစရယ်လို့မရှိပါဘူး၊ ဘာကြောင့်လဲ ဆိုရင် နဂိုရ်က အစမရှိလို့သာမှတ်ကြ၊ သိပ်ကြောက်စရာကောင်းတဲ့ ခန္ဓာဘုံသံသရာကြီးပါလားနော်၊ ပြီးတော့ ဧဝံဒီဃရတ္တံ ဒုက္ခံတဲ့ ဒီလောက် ရှည်လျားတဲ့ သံသရာမှာ ဖြစ်ရတဲ့ ဘဝတိုင်းမှာလဲ ဒုက္ခသစ္စာချည့်ဘဲ၊ သုခသစ္စာရယ်လို့မတွေ့ကြရဘူး၊ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ယာဝဉ္စ သဗ္ဗသင်္ခါရေ အလ မေဝ နိဗ္ဗိန္ဒိတုံ....တဲ့။

ယာဝဉ္စ အတိဝိယ = ဆင်းရဲတွေ ဝိုင်းလှ၍ အတိုင်းထက် အလွန်သာလျှင်၊ သဗ္ဗသင်္ခါရေ သဗ္ဗသင်္ခါရေသု၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော၊ တေဘူမက သင်္ခါရ တရားအစုတို့၌၊နိဗ္ဗိန္ဒိတုံ = ငြီးငွေ့ခြင်းငှာ၊ အလမေဝ = သင့်ကြတော့သည်သာလျှင်တည်း။

ဒီကနေ့ တရားပွဲမှာ ဒီမျှနာရကြတဲ့ ပဋိစ္စသမုပ္ပါဒ် တရား အရသာဖြင့် သစ္စာ ၄-ပါးကိုမသိတဲ့ အဝိဇ္ဇာကြောင့် သင်္ခါရ ဆိုတဲ့ ပြုပြင်မှုအကျိုးတရား ထင်ရှားဖြစ်ရတယ်၊သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ် ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဆိုတဲ့စွဲလမ်းမှု စွဲမက် ပိုက်ဖက်မှုတွေဖြစ်တယ်၊ ဥပါဒါန်ကြောင့်ဘဝ၊ ဘဝကြောင့်

စတုတ္ထအကြိမ်ရိုက်

ဇာတိ၊ ဇာတိကြောင့် ဇရာမရဏဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးတို့ တဖွားဖွား ဖြစ်နေတာတွေဟာ သူ့အကြောင်း၊ ကြောင့် အကျိုးတရား ဖြစ်နေတာဘဲလို့ ဆိုတာကို သဘောပေါက်လို့ ရှိရင် ဒိဋ္ဌိ, ဝိစိကိစ္ဆာဟာ ပြုတ်သွားတာဘဲ ပြုတ်ပုံကတော့ အခုဟောခဲ့တဲ့အတိုင်း ပစ္စုပ္ပန်ကျကျ ခန္ဓာဖြစ်စဉ်ကို ဉာဏ်ယှဉ်ပြီးတော့ အကြောင်းခံရှိလို့ အကျိုးဖြစ်တဲ့ ခန္ဓာဘဲလို့ သိတဲ့ ယောဂီဉာဏ်မှာ ဒီပစ္စုပ္ပန်ခန္ဓာရဲ့ ကြောင်းကျိုးဆက်စပ်ပြီးဖြစ်နေတာကိုသိတဲ့အတွက် အတိတ်ကာလကလဲ ဒီလိုကြောင်းကျိုးဆက်စပ်ပြီးဖြစ်လာခဲ့တာဘဲ၊ နောင် အနာဂတ်ကာလတို့မှာလဲ အကြောင်းကို မသိမ်းဆည်းနိုင်ရင် အကျိုးခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဖြစ်ဦးမှာဘဲဆိုတာကို အမှန်သိလာတယ်၊ ဒီလိုအသိဉာဏ်ရလာတဲ့ အတွက်ကြောင့်လဲ မိမိခန္ဓာနှင့်တကွ အပြင် လောကရှိသတ္တဝါ အားလုံးကို ဖန်ဆင်းသူမရှိဘူးဆိုတာကိုလဲ အမှန် သိလာတယ်၊ ဒါ့ကြောင့်....

ဗြဟ္မာ,သိကြားစသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူ-နတ်-ဗြဟ္မာ၊ သတ္တဝါတို့၊ဖြစ်လာရမှု၊ မဟုတ်ပါ၊ဉာဏ်ဖြင့်ရှု၍မြင်....

ဆိုတဲ့လင်္ကာကို ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဦးဝိမလက စပ်ဆိုတော်မူခဲ့တယ်၊ ဒီလင်္ကာအတိုင်း သတ္တဝါကို ဖန်ဆင်းတဲ့ တန်ခိုးရှင်မရှိကြောင်းကိုသိပြီ၊ အကြောင်းနှင့် အကျိုးဆက်စပ် ဖြစ်ပျက်နေတဲ့ ခန္ဓာနာမ်ရုပ်ကိုလဲသိပြီ၊ ဒါ့ကြောင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကိုသိယင် ကေန် ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်ပြီလို့ ဆိုတာလဲ သေချာပြီလို့ဆိုတာ အတိအကျ ဟောလိုက်ပါတယ်။

စတုတ္ထအကြိမ်ရိုက်

ဒီနေ့ တရားပွဲမှာ ခန္ဓာဖြစ်စဉ် ကို[illegible]

ဟောမယ်၊ ခန္ဓာဉာဏ်လှည့်ပြီး မိမိရရ နာကြားကြပါဆိုတာကို အထူး တိုက်တွန်းလိုက်ပါတယ်။

ဒီခန္ဓာဖြစ်စဉ်မှာ အစပ် ၃- စပ်ရှိပါတယ်၊ ဘယ်လိုများစပ်နေတာလဲလို့ဆိုယင်....

၁။ သင်္ခါရနှင့် ဝိညာဏ်က တစပ်။

၂။ ဝေဒနာနှင့် တဏှာက တစပ်။

၃။ ဘဝနှင့် ဇာတိက တစပ်။

ဒီလို ၃-စပ်ရှိပါတယ်၊ အဲဒီ ၃-စပ်ကို ဉာဏ်နှင့် ပိုင်ပိုင်နိုင်နိုင်ကြီး ဖြတ်နိုင်မှသာ ဒီခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားမယ်၊ ဒါကြောင့် ဖြတ်ရမှာက....

ဝေဒနာနှင့် တဏှာစပ်ကို ဝိပဿနာဉာဏ်နှင့်ဖြတ်။

သင်္ခါရနှင့် ဝိညာဏ်စပ်ကို ဂေါတြဘုဉာဏ်နှင့်ဖြတ်။

ဘဝနှင့် ဇာတိအစပ်ကို မဂ်ဉာဏ်နှင့်ဖြတ်။

ဆိုတဲ့ ဆောင်ပုဒ်အတိုင်း တရားနာပရိသတ်တို့က ဝေဒနာရဲ့ သဘာဝကို သိဖို့အရေးကြီးတယ်၊ ဝေဒနာကိုသိမှ တဏှာနှင့် မစပ်အောင် ဖြတ်လို့ရမယ်၊ မသိယင် မပြတ်ဘူး၊ သိပ်အရေးကြီးတဲ့တရားနော်....(အရေးကြီးပါတယ်) အရေးကြီးလို့ရှိယင် ဝေဒနာ ဘယ်ကလာသလဲ၊ ဝေဒနာဟာ ဖဿက လာတယ်၊ ဒီဖဿဆိုတာကလဲ မျက်စိ, အဆင်း, မြင်စိတ်, ၃-ပါးက လာတာဘဲ၊ ဒီသဘောကို ပဋိစ္စသမုပ္ပါဒ်လယ်တရားမှာ အာယတန နည်း အတော်ဟောခဲ့ပါတယ်၊ သဘောပေါက်လောက်ပါပြီ၊

စတုတ္ထအကြိမ်ရိုက်

၁၆၇၇

ဒါကြောင့်ဝေဒနာရဲ့အကြောင်းခံဟာဖဿ၊ ဝေဒနာက အကျိုးတရားပါ၊ သူဟာ-ငါဟာမဟုတ်ပါဘူး၊ ငါ-သူတပါးဆိုတာလဲ မဟုတ်ဘူး၊ အကြောင်းနှင့်အကျိုးဆိုတဲ့ ပဋိစ္စသမုပ္ပန္နတရားဘဲ၊ အဲဒီ ပဋိစ္စသမုပ္ပန္နဖြစ်တဲ့ မြင်လို့ ကောင်းမကောင်းဝေဒနာများ ခန္ဓာမှာ ပေါ်လာလို့ရှိယင် အဲဒီဝေဒနာကိုနှိုင်နင်းတဲ့ ဝိပဿနာ အလုပ်ရှိရမယ်၊ မရှိယင် တဏှာကိုကူးစက်သွားမယ်၊ တဏှာကို အကူးခံရင် ခန္ဓာပဋိစ္စသမုပ္ပါဒ်အလယ်မရပ်တော့ဘူး ဒါကြောင့် တရားနာပရိသတ်များမှာ ဝေဒနာနှင့် တဏှာအစပ်ကို မကပ်အောင် ဖြတ်တဲ့ဝိပဿနာ လက်နက်ကောင်းလိုတယ် ဆိုတာကို အထူး သတိပေးလိုက်ပါတယ်၊ ဒီလက်နက်ဆိုတာ ဝေဒနာနုပဿနာသတိပဋ္ဌာန်လုပ်ငန်းပါဘဲ၊ ဒီလုပ်ငန်းစဉ်မှာ ကြိုးစားမှု၊ ဉာဏ်နှင့်ကြည့်မှု၊ သတိထားမှု၊ ဒီ ၃-ခုလက်ကိုင်ရှိယင်ဝေဒနာ တဏှာတစပ်ဟာ ဖြတ်တာဘဲ။

ဒါကြောင့်ဖြတ်တဲ့နည်းမှာ "သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" လို့ ပဌမ သုခဝေဒနာရှုနည်းကို ဘုရားရှင် ဟောတော်မူခဲ့ပါတယ်၊ အဓိပ္ပါယ်ကတော့ မြင်တဲ့ အာရုံအပေါ်မှာ မြင်လို့ကောင်းတဲ့ ဝေဒနာခံစားမှုကို ခံစားယင် အဲဒီဝေဒနာကို သုခဝေဒနာလို့ သိပေးပါ၊ အဲဒီ သုခဝေဒနာကို သိတဲ့နေရာမှာ အတ္တ၊ အတ္တနိယ၊ ငါ-သူတပါး ဆိုတဲ့ ပညတ်သိမျိုး မဟုတ်ဘူး၊ ငါ-သူတပါးကင်းတဲ့ သင်္ခတ ပရမတ် ဝေဒနာကိုသာ အမှန်အတိုင်းသိနေရမယ်၊ ဒါကြောင့် ဒီလိုသိဘို့ရာမှာ ကြိုးစားပြီး ဉာဏ်နဲ့ကြည့်၊ သတိလဲထားမှအမှန်အတိုင်း သိနိုင်ပါတယ်လို့ ပြောခဲ့ပါတယ်၊ ဒီလိုသိမှ ဝေဒနာပေါ်မှာ မြင်မှားမှုဆိုတဲ့ ဒိဋ္ဌိလဲ ပြုတ်သွားပါတယ်၊ ပြီးတော့

ဒီဝေဒနာဟာ ဖဿကြောင့်ဖြစ်တာဘဲလို့ အကြောင်းကိုသိတဲ့ အတွက် ဝိစိကိစ္ဆာလဲ ကင်းရှင်းသွားပါတယ်၊ ဒီလို ကင်းရှင်း သွားအောင် ဝေဒနာပေါ်ခိုက်မှာ ဝေဒနာလို့ဘဲ သိ-သိပေး နေပါ၊ ဒီအတိုင်း သိသိနေတဲ့ယောဂီမှာ ဒီဝေဒနာဟာ ဖဿ ကြောင့် ဖြစ်တာဘဲဆိုတဲ့ အဖြစ်သဘောကိုလဲ သိလာပါတယ်၊ ဝေဒနာကိုဖြစ်စေတဲ့ ဖဿကလဲ မြင်-သိ- ဖြစ်- ပျက်- ဝေဒနာ ကလဲ ခံစားဖြစ်ပျက်ပါဘဲ၊ ဒီဖြစ်ပျက်ကိုသိအောင် ဝေဒနာကို ဝေဒနာလို့ သိသိနေမှသာ ဝေဒနာ၏ ဖြစ်စ, ပျက်ဆုံးကိုသိတဲ့ ဖြစ်ပျက်ဉာဏ်ပေါ်လာတယ်၊ ဒီဖြစ်ပျက်ဉာဏ်ကို လက်မလွှတ် ရဘူး၊ သတိလစ်ယင် ကိလေသာ သတိမလစ်လို့ ဖြစ်ပျက်ဉာဏ် ရင့်သန် အားကောင်းလာယင် တဏှာမကပ်တော့ဘူး၊ တဏှာ မကပ်ယင် ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီ၊ ဒါကြောင့်“ဝေ ဒနာ နိရောဓာ၊တဏှာနိရောဓော”ဝေဒနာနိရောဓာ= ဝေဒနာ ချုပ်ငြိမ်းခြင်းကြောင့်၊ တဏှာနိရောဓော = တဏှာ၏ချုပ်ငြိမ်း ခြင်းသည်၊ ဟောတိ= ဖြစ်၏တဲ့၊ တဏှာချုပ်ယင် ဥပါဒါန် ဆိုတဲ့ သုခဝေဒနာကို စွဲလမ်းမှုလဲ ချုပ်ငြိမ်းတယ်၊ ဥပါဒါန် ချုပ်လို့ ဘဝချုပ်ငြိမ်းသွားတယ်၊ ဘဝချုပ်လို့ ဇာတိ,ဇရာ, မရဏ, ပဋိစ္စသမုပ္ပါဒ်တရားတွေလဲ ချုပ်ငြိမ်း သွားကြတယ်၊ ဒီ့ပြင် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့လဲ ငြိမ်းကုန်ကြရတယ်၊ ဒါဟာ ဝေဒနာနှင့်တဏှာအစပ် ပဋိစ္စ သမုပ္ပါဒ်ကို ဝိပဿနာဉာဏ်နှင့် ဖြတ်တဲ့နည်းပါဘဲ။

## ဒုက္ခဝေဒနာကိုလဲရှုရမယ်

မြင်တွေ့ ဖဿကြောင့်ဖြစ်တဲ့ မြင်ခံစားမှု သုခဝေဒနာကို

စတုတ္ထအကြိမ်ရိုက်

တဏှာမကပ်အောင် ရှုတဲ့နည်းပြောပြီးတော့မြင်လို့မကောင်းတဲ့ ဒုက္ခဝေဒနာပေါ်လာတဲ့အခိုက်မှာလဲ ရှုတဲ့နည်းရှိပါတယ်။

"ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ....တဲ့" အဓိပ္ပါယ်ကတော့ အာရုံကောင်းကောင်းကို တွေ့ရလို့ သုခဝေဒနာပေါ်တာလို့ အာရုံဆိုးဆိုးနှင့် တွေ့ရတဲ့ အခါမှာ ဒုက္ခဝေဒနာ ပေါ်လာပါတယ်၊ အဲဒီဒုက္ခဝေဒနာ ပေါ်ဆဲ ပေါ်ခိုက်မှာလဲ ဒုက္ခဝေဒနာလို့ ဘဲသိရမယ်တဲ့၊ သိပြီး ဝေဒနာ ဖြစ်ပျက်လို့ ရှုမြင်တဲ့ဉာဏ်ကလိုက်ပေး၊ ဒီလိုအမြဲမပြတ် သတိချပ်ပြီး သိမှတ်နေတဲ့ယောဂီမှာ ဒုက္ခဝေဒနာ၌ ဖြစ်-ပျက် ဉာဏ် ရင့်သန်လာပြီး ဒေါသငြိမ်းတာဘဲ၊ မှန်ရဲ့လား .... (မှန်ပါတယ်) ကိုင်း....မှန်လို့ရှိယင် မြင်မှုကြောင့်ပေါ်လာတဲ့ ဒုက္ခဝေဒနာကို ခံစားရတဲ့အခိုက်မှာ ဒုက္ခဝေဒနာရဲ့ သဘောမှန်ကို ငါ-သူတပါးပျောက်အောင် ဖြစ်-ပျက်လိုက်ပေးပါ၊ ဒါကြောင့် "ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" ဒုက္ခံ ဝါ=ဒုက္ခလဲဖြစ်သော၊ ဝေဒနံ=ဝေဒနာကို၊ ဝေဒယမာနော=ခံစားသည်ရှိသော်၊ ဒုက္ခံ=ဆင်းရဲသော၊ ဝေဒနံ=ဝေဒနာကို၊ ဝေဒယာမီတိ = ခံစားသည်ဟု၊ ပဇာနာတိ= သိရာ၏....လို့၊ ဘုရားရှင်ဟောတော်မူခဲ့တယ်၊ ဒါကြောင့်.... မကောင်းတဲ့အာရုံကို တွေ့ရ-မြင်ရလို့ ဒုက္ခဝေဒနာဆိုတာ ကိုယ်ထဲစိတ်ထဲမှာ ပေါ်တဲ့အခါ ဝေဒနာကို ဝေဒနာလို့ သိ-သိပြီး ဖြစ်ပျက်ဉာဏ် ရင့်သန်အောင်ရှုပေး၊ ဖြစ်ပျက်ဆုံးသွားအောင်ကို လိုက်ပြီးရှုပေးပါ။

ကဲ-ကဲ-ဥပေက္ခာဝေဒနာကိုဆက်ဟောမယ်၊ဥပေက္ခာဝေဒနာ ဆိုတာကတော့ မြင်မှု-မြင်စိတ်ဖြစ်တဲ့ အခါမှာ ဒုက္ခဝေဒနာလို

စတုတ္ထအကြိမ်ရိုက်

ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲနှင့် အနေရဆိုးပြီး အခံရခက်တာမျိုးလဲ မဟုတ်ဘူး၊ သုခဝေဒနာလို ဝမ်းသာအားရဖြစ်ပြီး ချမ်းသာလှတာလဲမဟုတ်ဘူး၊ မသိမသာ အလယ်အလတ်ဖြစ်တဲ့ ခံစားမှုကို ဥပေက္ခာဝေဒနာလို့ မှတ်ရမယ် သုခဝေဒနာ,ဒုက္ခဝေဒနာများလို မထင်ရှားဘူး။

အဲဒီလိုမထင်ရှားပေမယ်လို့ ခန္ဓာထဲမှာ ဝေဒနာအမျိုးမျိုးတွေကို ပေါ်တိုင်းပေါ်တိုင်း တခု မလွတ်တန်း ရှုမြင် ပွားများနေတဲ့ယောဂီဉာဏ်မှာ သိပ်ပြီးမထင်ရှားလှတဲ့ဥပေက္ခာဝေဒနာရဲ့ မသိမသာခံစားမှု သဘောကို ရှုမြင်နိုင်ပါတယ်၊ ဒါပေမယ်လို့ တရားနာပရိသတ်များကို အထူး တိုက်တွန်း ဟောကြားလိုတာကတော့ ခန္ဓာထဲမှာ ထင်ရှားစွာပေါ်တဲ့ဝေဒနာကိုသာ သတိနဲ့ အမိဖမ်းပြီး ဖြစ်-ပျက်ဉာဏ်နဲ့ သန့်သန့်ကြီးရှုကြပါ။

**သတိလွတ်မယ်**

ဒီ ဝေဒနာနုပဿနာ လုပ်ငန်းစဉ်မှာ သုခဝေဒနာခံစားတဲ့ အခါမှာ သတိလွတ်ဘတ်တယ်၊ ဘာကြောင့်လဲဆိုယင် သုခဝေဒနာကို ခံစားတဲ့ အခါမှာ ပစ္စုပ္ပန်ကျကျနဲ့ ဝေဒနာသဘာဝကို မရှုမှတ်ယင် ဝေဒနာကို ငါ-ထင်ပြီး ငါကောင်းကောင်းပြီး ငါစွဲစွဲလာတယ်၊ အဲဒါသတိလွတ်လို့ ကိလေသာကြားဝင်အအုပ်ခံရတာဘဲ၊ ဒါကြောင့် ကျွန်ုပ်တို့ယောဂီများဟာ ဒီဝေဒနာနုပဿနာ လုပ်ငန်းကို ရှုမှတ်ကြတဲ့အခါ၊ ပဌမ မျက်စိ ဖွင့်ကြည့်လိုက်တာနဲ့ ကြည့်လို့ကောင်းတဲ့ ဝေဒနာဟာ ငါ- သူတပါးမဟုတ်, မြင်တွေ့ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာဘဲလို့ အတိအကျသိသိနေမှ နောက်က ဖြစ်-ပျက် ဉာဏ်လိုက်လို့ရမယ်၊ ဒီလိုချည့်ဝေဒနာ ဖြစ်-ပျက် မဆုံးမခြင်း လိုက်ပြီးရှုမြင့်

နိုင်မှ ဝေဒနာနှင့် တဏှာမစပ်တော့ဘူး၊ ဒီတော့မှ "ဝေဒနာ နိရောဓာ တဏှာနိရောဓော" ဝေဒနာချုပ်ယင် တဏှာချုပ် တယ်လို့ ဘုရားဟောခဲ့တာပါ၊ သဘောပေါက်ကြရဲ့လား၊ အခု ဟောတာဟာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း စက်ယန္တရားကြီး လည်နေရာမှာ ဝေဒနာနှင့် တဏှာအစပ်ကို ဝိပဿနာ ဖြစ်-ပျက် ဉာဏ်နဲ့ဖြတ်တဲ့နည်းပါဘဲ။

ဒုက္ခဝေဒနာခံစားရဘာလဲ ထင်ရှားပါတယ်၊ မျက်စိကိုမှိတ် ကြည့်လိုက်တာနဲ့ အနိဋ္ဌာရုံကို မြင်ရတဲ့အခါမှာလဲ မြင်တွေ့ ဖဿကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာဟာ သိပ်ထင်ရှားတယ်၊ ဒီလို ပေါ်တဲ့အခါမှာ ဒုက္ခဝေဒနာသဘာဝကိုမသိရင် ဒုက္ခဝေဒနာ ကို ငါ-ထင်ပြီး ငါမှဖြစ်ရလေခြင်း၊ ငါနှမှတွေ့ရလေခြင်းဆိုတဲ့ ငါပါလာမယ်၊ မပါနဲ့၊ခံစားမှုဟာ ဒုက္ခဝေဒနာပါဘဲ၊ ဒီဝေ ဒနာမျိုးပေါ်ခိုက် ဖြစ်ခိုက်ခံစားခိုက်မှာလဲ ပဌမဒုက္ခဝေဒနာကို ခံစားတယ်လို့ဘဲ၊ သိသိနေရမယ်၊နောက်က ဝေဒနာ ဖြစ်-ပျက် ဉာဏ်ကတော့ သန့်သန့်ကြီးလိုက်ပေး၊ ဒီလိုလိုက်ပေးရင် ကိုယ် ထဲ စိတ်ထဲမှာ ပေါ်လာတဲ့ ဝေဒနာလဲ ပျောက်ငြိမ်းသွားနိုင် တယ်၊ မခံသာတဲ့ဝေဒနာကြောင့်ဖြစ်တဲ့ ဒေါသလဲ ငြိမ်းသွား မယ်၊ ဒါကြောင့် ဖြစ်ပျက်ဉာဏ်ကတော့ မှန်မှန်နဲ့ ဆုံးအောင် ရှုပေး။ အခုဟောဒါဟာ မျက်စိ အဆင်း မြင်စိတ်လို့ ဆိုတဲ့ ဖဿကြောင့်ဖြစ်တဲ့ သုခ ဒုက္ခ ဥပေက္ခာ ဒီဝေဒနာသုံးမျိုးတို့ကို ပေါ်ရာကနေပြီးရှုတဲ့နည်းပါဘဲ၊ ယောဂီများ အထူးမှတ်စရာက တော့ဒီဝေဒနာအားလုံးရှုရမယ်လို့ မဆိုလိုပါဘူး၊ ခန္ဓာမှာပေါ် တဲ့ ဝေဒနာတခုခုကိုဘဲ ဖြစ်- ပျက်ဉာဏ်နဲ့ ရှုမှတ်ပွားများလို့ ရှိရင်။

အဲဒီ ဖြစ်-ပျက်ဆုံးတာနဲ့ "ပဝတ္တာသင်္ခါရာအပဝတ္တာနိဗ္ဗာန်" လို့ ဘုရားရှင်ဟောတော်မူခဲ့တဲ့အတိုင်း ဖြစ်- ပျက်ဆုံးရင် မဖြစ် မပျက်တဲ့နိဗ္ဗာန်ကို ကေန်မျက်မှောက်ပြုနိုင်ကြပါတယ်၊ ယုံကြည်ကြရဲ့လား....(ယုံကြည်ပါတယ်)။

ကဲ-ဝေဒနာနုပဿနာရှုနည်းကိုဆက်ဟောမယ်- အခုဟောခဲ့ပြီးတာက မြင်တွေ့ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာမှ တဏှာမကပ်တဏှာဖြတ်တဲ့နည်းလို့မှတ်ကြပါ၊ မျက်စိကမြင်တွေ့ဖဿကြောင့် သုခ-ဒုက္ခ-ဥပေက္ခာဝေဒနာ ခံစားမှုများ ပေါ်တာလို နားက အသံကိုကြားဆဲခဏမှာလဲ ကြားရတဲ့ အသံအာရုံ အရသာကို ခံစားတဲ့ ကြားလို့ကောင်းတာ မကောင်းတာများကို ခံစားတဲ့ သုခ,ဒုက္ခ,ဥပေက္ခာ ဒီဝေဒနာတွေပေါ်လာတာလဲ၊ ဒီအခါမှာ ယောဂီများ အလုပ်က ပေါ်တဲ့ဝေဒနာကို ပဋ္ဌာန်ကျကျ သူ့သဘာဝကိုသိ,နောက်က ဖြစ်-ပျက်ဉာဏ်ထက်ချပ်မကွာ ရှုပေးကြရမှာဘဲ၊ နှာခေါင်းကိုဆန့်ပြီးအနံ့ကို ရှူရှိုက်တဲ့အခါမှာဆိုယင်လဲ မွှေးတာကိုနမ်းရှူရတော့ သုခဖြစ်ပြီးကျေနပ်တယ်၊ ပုပ်စော်နံတာနမ်းရ၊ ရှူရှိုက်ရတဲ့အခါကျတော့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ပြီး ဒုက္ခ-ဖြစ်တယ်၊ အချုပ်ကို ပြောရမယ် ဆိုရင် ဆင်းရဲ,ချမ်းသာ,ဥပေက္ခာ ဒီဝေဒနာ ၃- မျိုးဘဲ ပေါ်တာဘဲ၊ ပေါ်တဲ့ဝေဒနာကို သိ,ဖြစ်ပျက်ဉာဏ်ကပ်ရှုပေး၊ ဒီအလုပ်ဟာ ယောဂီများရဲ့အလုပ်ဘဲ၊ ကဲ- ပါးစပ်ကအရသာတခုခုကိုစားတဲ့ သောက်တဲ့ အခါမှာကော ဘာသဘောတွေ ပေါ်မှာလဲ၊ ဒီဝေဒနာ ၃-မျိုးဘဲစားတွေ့ဖဿကြောင့်ပေါ်မှာဘဲ၊ ပေါ်ရင် ပေါ်တဲ့ဝေဒနာကိုသာမဲပြီးသိ,ဖြစ် ပျက်ဉာဏ်ကထက်ချပ်မကွာ လိုက်ပေး ရှင်းကြရဲ့လား၊ အခုဟောတဲ့ တရားက ဝေဒနာ

စတုတ္ထအကြိမ်ရိုက်

တဈ္ဈာအစပ်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဖြတ်ပုံနည်းကို ဟောနေတာ သဘောပါကြရဲ့လား၊ ဒီနေရာမှာ ဖဿ, ဝေဒနာ, သညာ စေတနာ စိတ်လို့ဆိုတဲ့ ဖဿပဥ္စမက ခန္ဓာငါးပါးဆိုတာလဲ ဒွါရနှင့် အာရုံ ၂-ခုတိုက်ဆိုတိုင်း တိုက်ဆိုတိုင်း တဖွားဖွားဖြစ်နေတဲ့ သဘောတရားများလဲ ရှိပါတယ်၊ အဲဒီ ခန္ဓာငါးပါး ဖြစ်တိုင်းဖြစ်တိုင်း ပစ္စုပ္ပန်ကျကျ မရှုမိကြတဲ့အတွက် ခန္ဓာငါးပါးတို့ကို ငါထင် သူထင် အထင်အမြင်မှားပြီး တဏှာ ဥပါဒါန်တွေနဲ့ တပ်မက် စွဲလမ်းနေကြတဲ့အတွက် အဲဒီလောက် ခန္ဓာနာမ်ရုပ်တွေကိုဥပါဒါနက္ခန္ဓာလို့ ဘုရားရှင် ဟောကြားတော်မူခဲ့ဒါများလဲ ရှိပါတယ်၊ အဲဒီခန္ဓာ ဒုက္ခသစ္စာအချက်များ ကိုလဲ (သစ္စာသိမြင် နိဗ္ဗာန်ဝင်) ဆိုတဲ့ တရားခဏ်းမှာ ဟောပါမယ်၊ အခုဟောနေတဲ့ တရားက ဝေဒနာနဲ့ပဿနာ၊ သတိပဋ္ဌာန်၊ လုပ်ငန်းကိုဟောနေတာဖြစ်လို့ ဝေဒနာဖြစ်ရာဋ္ဌာန၊ ဝေဒနာဖြစ်ကြောင်း ဝေဒနာနဲ့ပဿနာ ရှုပုံ, ရှုနည်း ကိုသာ အဓိကထားပြီး ဟောနေပါတယ်၊ ဒါကြောင့်ယောဂီများရဲ့ ကိုယ်မှာ အပြင်က ဖောဋ္ဌဗ္ဗနှင့်တွေ့ထိတဲ့အခါမှာလဲ တွေ့ထိဖဿကြောင့် ကိုယ်အတွေ့နူးညံ့မှု သုခဝေဒနာကိုတွေ့၊ ကြမ်း တမ်း မှု ဒုက္ခဝေဒနာ အလယ်အလတ် ဥပေက္ခာဝေဒနာများဘဲ ပေါ်လာကြတာဘဲ၊ ယောဂီများက ပစ္စုပ္ပန်ကျကျပေါ်တဲ့ ဝေဒနာကို သိပေးကြရမှာဘဲ၊ ဒီပေါ်တဲ့ ဝေဒနာကိုမသိယင်လဲ ဖြစ်-ပျက် ဉာဏ်လိုက်ရှုလို့မရဘူး၊ ဝေဒနာသဘာဝကို အမှန်သိသိနေမှ ဖြစ်,ပျက်ဉာဏ်လိုက်ရှုလို့ရတယ်ဆိုတာ သေချာပလား။

ဒါကြောင့် ကိုယ်ထဲမှာ တရားထိုင်ရင်း ညောင်းတာ၊ ကိုက်ခဲတာ, ထုံတာ, ကျင်တာ, ယားတာ, နာတာ, သက်သာတာ,

ကောင်းတာဆိုတဲ့ ဝေဒနာများ ပေါ်တဲ့အခါမှာ ပေါ်တာကို သိပြီး ဖြစ်,ပျက်ဉာဏ်လိုက်လိုက်ပြီး ရှုပေးနေရင် အဲဒီဖြစ်, ပျက်ဟာ ဆုံးသွားတာဘဲ ဖြစ်ပျက်ဆုံးရင်လဲမဖြစ်မပျက်တဲ့ နိဗ္ဗာန်ဘဲ ရှိတော့တယ်။ ပြောလို့မယုံ ကြုံဘူးမှသိတာမျိုးနော်၊ ကြိုးစားပြီး အားထုတ်ကြပါ၊ အခုဟောနေတာဟာ နည်းပြ- ဝိပဿနာလုပ်ငန်းကို ဟောပေးနေတာ၊ သဘောပါကြရဲ့လား၊ ကဲ-ကဲ- မနောကဖြစ်တဲ့ဝေဒနာခံစားမှုဖြစ်ပုံကို ဆက်နာကြပါ၊ ကြံစည်စိတ်ကူးမှုဖြစ်တဲ့အခါမှာ ကြံတွေ့-ဖသာ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) ဒီကြံစည်တဲ့နေရာမှာလဲ ကြံလို့ကောင်းတဲ့ သုခဝေဒနာခံစားမှု၊ ကြံလို့မကောင်းတဲ့ ဒုက္ခဝေဒနာခံစားမှု၊ အလယ်အလတ် ဥပေက္ခာဝေဒနာခံစားမှုတွေဘဲ ဖြစ်လာပါတယ်၊ ဒီလိုဖြစ်ပေါ်လာဆဲအခါမှာ ဘာဝေဒနာကိုဘဲဖြစ်ဖြစ်သူ့ရဲ့ပင်ကိုယ်သဘာဝအမှန်ကို သတိနဲ့သိပါ၊ ဒီလိုသိယင် ဝေဒနာပေါ်မှာ ဒိဋ္ဌိဝိစိကိစ္ဆာကို "နှင်-သွား" လို့ နှင်မနေရပါဘူး၊ ဝေဒနာခံစားမှုသဘောအမှန်ကို သိသိနေတဲ့ ယောဂီသန္တာန်မှာ သဘာဝဉာဏ်ကိုရနေလို့ ယူမှားခြင်း၊ ယုံမှားခြင်းများ ကင်းနေပါတယ်၊ ဒီလိုကင်းနေတဲ့အတွက် ဖြစ်ပျက်ဉာဏ်နဲ့သာ ဆက်ပြီးရှုလိုက်ယင် ဝေဒနာမှာရပ်-တဏှာမကပ်တော့ပါဘူး၊ စွဲလမ်းမှုဥပါဒါန်လဲ ငြိမ်းသွားတာပါဘဲ၊ တဆက်ထဲဆက်ဖြစ်နေကြ၊ ဘဝ, ဇာတိ, ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့လဲ အကုန်လုံး ငြိမ်းသွားကြတယ်။

ကိုင်း....ဒါဖြင့် ယောဂီများရဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးဟာ ဝေဒနာနှင့် တဏှာအစပ်ကနေပြီး ဝိပဿနာဉာဏ်နှင့် ဖြတ်လိုက်တဲ့အတွက်ရှေ့ဆက်ပြီးလည်နိုင်သေးရဲ့လား....(မလည်

နိုင်ပါ)ဒါဖြင့်တရားနာပရိတ်သတ်တို့မှာ ဒီကနေ့ တရားနာကျိုး နပ်ကြပါတယ်လို့ကော မဆိုနိုင်ကြဘူးလား .... (ဆိုနိုင်ပါတယ်) အတော်ကို ကျေးဇူးများသွားကြတာဘဲနော်....ဒီစကားကိုပြော ရတာ တရားဟောတဲ့ပုဂ္ဂိုလ်ကို ကျေးဇူးတင်စေချင်လို့ပြောတာ မဟုတ်ပါဘူး၊ တရားကလဲ နက်နဲတဲ့တရား ဟောရပါတယ်၊ အဟောရလဲခက်တယ်၊ နာကြားနိုင်ဘို့ကလဲ မလွယ်ဘူး၊ နာပြန် ယင်လဲ နားမကြီးယင် မခံနိုင်ဘူး နားခံနိုင်ပါတယ်လို့ ဆိုပြန် ယင်လဲ ကျင့်ကြံအားထုတ်ဘို့ခက်တယ်၊ ဒါပေမဲ့ အခုဟော ခဲ့တဲ့တရားက ခန္ဓာပဋိစ္စသမုပ္ပါဒ်ကြီးလယ်ပုံကို ပဋ္ဌမက ဒိဋ္ဌိ ဝိစိ ကိစ္ဆာပြုတ်အောင် အကြောင်း အကျိုး ဆက်ပြီး အထပ်ထပ် အခါခါလယ်ပုံများကို နားကြားခဲ့ကြရတဲ့အတွက်ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းတရားကို နားကြီးကြီးနဲ့ နာကြားနိုင်ကြတယ်လို့ ဆိုရ မှာပေါ့၊ ဒါပေမယ်လို့ ဒီလို နာကြားနိုင်ရုံနဲ့ မပြီးသေးဘူး၊ ဆရာကောင်း သမားကောင်းများနဲ့ တွေ့ရတဲ့အခါမှာ နည်းပြ ဝိပဿနာကို ကြိုးစားအားထုတ်မှ ကိုယ်တွေ့သန္ဒိဋ္ဌိက ဖြစ်ကြမှာ ဘဲလို့ ဆိုတာကိုတော့ အထူးသတိပေးပါတယ်။

ကဲ....ကဲ....ဝေဒနာနုပဿနာ အလုပ်ပေးတရားကို ခပ်ကျဉ်း ကျဉ်းနဲ့ဘဲ ချုပ်ပြီးဟောမယ်၊ ကြိုးစားနာကြပါ၊ ဒီဝေဒနာ ခံစားမှုဆိုတဲ့ သဘောတရားဟာ ခန္ဓာမှာရှိတဲ့ မျက်စိ, နား နှာခေါင်း, လျှာ, ကိုယ်, မနော, ဒီ၆-ပါးသော ဒွါရတွေမှာ အပြင်က အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အထိ, ဓမ္မာရုံဆိုတဲ့ အာရုံ ၆-ပါးတို့နှင့် သူ့ဒွါရနှင့် သူ့အာရုံ ၂-ခုစီ ၂-ခုစီ တိုက်ဆိုတိုင်း- တိုက်ဆိုတိုင်း မြင့်တွေ့ ဖဿကြောင့် မြင် ခံစား ဝေဒနာ၊ ကြားတွေ့ဖဿကြောင့် ကြားတာကို ခံစားတဲ့

ဝေဒနာ၊ နံ့တွေ့ဖဿကြောင့် မွှေးတာ နံ့တာကို ခံစားတဲ့ ဝေဒနာ၊ စားတွေ့ဖဿကြောင့် စားလို့ကောင်း မကောင်းတာကို ခံစားတဲ့ဝေဒနာ၊ ကိုယ်က အတွေ့ဖဿကြောင့် ထိလို့ကောင်း မကောင်းတာကို ခံစားတဲ့ဝေဒနာ၊ မနောက ကြံစိတ် ဖဿကြောင့် ကြံလို့ ကောင်းတာ မကောင်းတာကို ခံစားတဲ့ ဝေဒနာ၊ ဒီဝေဒနာတွေကလဲ ဒီခန္ဓာမှာ ဖြစ်ပျက်သဘောနဲ့ ပေါ်နေကြတာဘဲ၊ သတိမထားယင် ဒီဝေဒနာတွေ ပေါ်တိုင်း ပေါ်တိုင်း ဝေဒနာကိုပင် သုထင်-ငါထင်၊ အမြင် မှောက်မှားကြတဲ့အတွက် တဏှာ, ဥပါဒါန်တွေ ဝင်လာပြီး တပ်မက်မှု ၆-မျိုးတို့ စွဲလမ်းမှု ၆-မျိုးတို့ဖြစ်ပွားလာကြ-လာကြတယ်၊ ဒီ့ပြင် နောက်ဆက်တွဲဖြစ်တဲ့ ဘဝ, ဇာတိ, ဇရာ, မရဏလို့ ဆိုတဲ့ခန္ဓာ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးဟာ အဆက်မပြတ် လည်အောင် လည်ကြရတယ်၊ ဒီလိုလည်ရတဲ့အခါမှာတဲ့ လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဘယ်ခန္ဓာနဲ့ဘဲလည်လည် ပဋိသန္ဓေ အိုး, နာ, သေဆိုတဲ့ ပဋိသန္ဓေ၊ အိုး, နာ, သေတဲ့ ဒုက္ခသစ္စာနဲ့ချည့် လည်နေကြရတယ်၊ ဒီလိုလည်ပြီး လာခဲ့ကြရတာဟာလဲ လွန်ခဲ့ပြီးတဲ့အတိတ်ကာလက အဝိဇ္ဇာနှင့်သင်္ခါရ ၂-ပါးက အကြောင်းခံပြီး ဖြစ်ပျက်နဲ့ လိုက်နေတော့ ယခု ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန-ဆိုတဲ့ အာယတန ၆-ပါး ထင်ရှားရှိနေသမျှ ဖဿ, ဝေဒနာဆိုတဲ့ အကြောင်းအကျိုးဆက်၊ ပဋိစ္စသမုပ္ပန်တွေကိုယ်တွင်း တံခါး ခြောက်ပေါက်က ဝင်ရောက်ဖြစ်ပွားနေကြတယ်၊မျက်စိ ဖွင့်လိုက်တာနဲ့ ဖြစ်ပွားပြီးလယ်၊ နားကို စွင့်လိုက်တာနဲ့ တပြိုင် နက်ဖြစ်ပြီးလယ်၊ နံရင်းလယ်၊ စားရင်းလယ်၊ ထိရင်းလယ်၊ ကြံစည်ရင်းလယ်နေကြတာဖြစ်လို့ သိပ်ထင်ရှားပါတယ်၊ အဲဒီ

လောက် ကိုယ်မှာ ထင်ရှားတဲ့ ဝေဒနာသဘာဝတွေကို ခန္ဓာထဲမှာ ဘယ်တံခါးကဘဲဝင်ဝင် ဝင်တိုင်း ဝင်တိုင်း ဝေဒနာကို ဝေဒနာလို့ စင်စင်ကြယ်ကြယ် သိသိပေး၊ နောက်က ဖြစ်ပျက် ဉာဏ်ဆက်ခါဆက်ခါလိုက်ပေး၊ ဒီလို လိုက်ပေးတာကို "ဝေဒနာသု-ဝေဒနာနုပဿီ ဝိဟရတိ" ဝေဒနာတို့ကို ဝေဒနာလို့ သိပြီးနေပါဆိုတဲ့ မဟာသတိပဋ္ဌာန် ပါဠိတော်အတိုင်း တိကျမှန်ကန်သောလုပ်ငန်းကို အားထုတ်နေတဲ့ ယောဂီဖြစ်နေတယ်၊ ပြီးတော့ "သမုဒယဓမ္မာ နုပဿီ၊ ဝယဓမ္မာ နုပဿီ၊ သမုဒယဝယဓမ္မာနုပဿီ" လို့ ဘုရားရှင် ဟောတော်မူခဲ့တဲ့အတိုင်းဝေဒနာဟာ ဖဿကြောင့်ဖြစ်တယ်၊ အကြောင်းကုန်ယင် အကျိုးဖြစ်တဲ့ဝေဒနာလဲ ပျက်သွားတာဘဲဆိုတဲ့ ရှုကွက်နဲ့လဲ ကိုက်ညီနေပါတယ်၊ ဒီလိုကိုက်ညီအောင် အားထုတ်နေတဲ့ ယောဂီကို ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ သံသရာထွက်လမ်းဖြစ်နေတဲ့ ပညာရှင်လို့လဲ ခေါ်နိုင်ပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလဲဒီလိုအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကို အားပေးတော်မူပါဘယ်။

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စံ မနုယုဉ္ဇေယျ၊ မောဃကာလံ နခေါ်ပယေ။

ပဏ္ဍိတော=ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်၏ထွက်ပေါ်လမ်းမြင် ပညာရှင်သည်၊ ဥဒယဗ္ဗယသင်္ခါရေ= ဖြစ်ယင်ပျက်မြဲမလွဲမှန်လှ သင်္ခါရတို့ကို၊ နိဗ္ဗိန္ဒိတွာန= ပျင်းမုံးငြီးငွေ့သည်ဖြစ်၍ သကိစ္စံ=မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်စွာလှ ဝိပဿနာအားထုတ်ခြင်း မိမိကိစ္စကို၊ အနုယုဉ္ဇေယျ=နေ့ရော ညပါ အားထုတ်ကြိုးစားရာ၏၊ မောဃကာလံ=လိုရာမပြီးအချည်းနှီးသောမောဃကာလကို၊ နခေါ်ပယေ=မကုန်မခန်း မကျွမ်းစေရာတည်း။ ။

စတုတ္ထအကြိမ်ရိုက်

ဒီလို မြတ်စွာဘုရားက အားပေး တိုက် တွန်း တော် မူ တဲ့ အဓိပ္ပါယ်ကတော့ နာမ်-ရုပ်-ဓမ္မ- သင်္ခါရတို့၏ ဖြစ်ပျက်ကိုမြင် နေတဲ့ယောဂီဟာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ရဲ့ ဖြစ်ပျက်ကိုသိတဲ့ ယထာ ဘူတဉာဏ်ကို ရနေတဲ့အတွက် ပညာရှိလို့လဲ အားပေးချီးမွမ်း တော်မူတယ်၊ အဲဒီ ပညာရှိယောဂီဟာ ဒီ ဖြစ်ပျက်သင်္ခါရတို့ကို အမြင်သန်လာပြီး ငြီးငွေ့လာမယ်၊ ရှေ့ဆက်ပြီး ကြိုးစား အား ထုတ်ယင်ဖြစ်ပျက်မရှိတဲ့နိဗ္ဗာန်ကို 'ကောန်' ရမယ်ဆိုတာကိုသိတော် မူလို့ ယခုလိုအားပေးတော်မူတာပါဘဲ၊ ဒီလို အားပေးတော် မူချက်အရ တရားအားထုတ်တဲ့ယောဂီများဟာ ခန္ဓာဖြစ်ပျက်ကို အမှန်မြင်ဘို့ အရေးကြီးတယ်ဆိုတာ ရိပ်မိကြပလား၊ ကိုင်း.... ကိုင်း....ရိပ်မိကြလို့ရှိယင် ဝေဒနာနုပဿနာ လုပ်ငန်းစဉ်မှာ ဝေဒနာဖြစ်ပျက်ကိုမြင်အောင် ကြိုးစားအားထုတ်ကြပါ၊ ဒုက္ခ သစ္စာကိုသိပါတယ်၊ ဒီဖြစ်ပျက်ကိုသာ မြင်လို့ရှိယင် ရှေ့ဆက်ပြီး မဖြစ်ချင်တော့ဘူး၊ အဲဒီမဖြစ်ချင်တာဟာ မဂ္ဂသစ္စာဘဲ၊ မဖြစ် ချင်လို့ မဖြစ်တာဟာ နိရောဓသစ္စာဘဲ၊ မဖြစ်တော့ သမုဒယ သစ္စာသေတာဘဲ၊ သစ္စာလေးပါးကောကိုက်ညီမလာဘူးလား .... (ကိုက်ညီပါတယ်)။

ကိုင်း....ဒါဖြင့်ယင် တရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတို့မှာ ဒီ ဝေဒနာနုပဿနာ လုပ်ငန်းနှင့် ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း တရားကို ကြိုးစားပြီး အားထုတ်နိုင်ကြ ပါစေကုန် သတည်း။

## စိတ္တာနုပဿနာ

# အားထုတ်စရာ တရားတော်

အခု စိတ္တာနုပဿနာ အားထုတ်တဲ့လုပ်ငန်းတရားကိုဆက်ပြီး ပြောပါမယ်၊ ဒီလုပ်ငန်းကို ယုံယုံကြည်ကြည်နဲ့သာ ကြိုးစားအားထုတ်ယင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ဆိုတဲ့ မြင်မှားမှု၊ ယုံမှားမှုတွေ ပြုတ်ပြီး ပဋိစ္စသမုပ္ပါဒ်ရဲ့ သင်္ခါရနှင့် ဝိညာဏ်အစပ်ပါလဲ ရပ်တပ်းကရပ် ဖြတ်လမ်းက ဖြတ်တဲ့အတွက် ပြတ်ထွက်သွားနိုင်ပါတယ်၊ ဒါကြောင့် အခုပြောတဲ့အခါမှာ ပရိသတ်များက ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ကြိုးစားပြီး နာကြပါလို့ တိုက်တွန်းပါတယ်။

ကဲ....ပြောပါမယ်၊ နှလုံးထဲကို သွင်း-သွင်းပြီး ဉာဏ်နားနဲ့ စိုက်ကြ။ "စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ" စိတ္တေ = အမျိုးမျိုးသောစိတ်၌၊ စိတ္တာနုပဿီ=စိတ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ=နေ၏၊ အဓိပ္ပါယ်ကတော့ ဒီစိတ္တာနုပဿနာ လုပ်ငန်းဆိုတာ ကိုယ့်သန္တာန်မှာပေါ်လာတဲ့စိတ်အမျိုးမျိုးကို(စိတ်) လို့ ရှုပေးရမယ်လို့ ဘုရားရှင်ဟောပါတယ်၊ ဒီလိုရှုတာဟာ စိတ္တာနုပဿနာလုပ်ငန်းရဲ့အစပါဘဲ၊ အဲဒီအစကို ယုံယုံကြည်ကြည်နဲ့ အားထုတ်နိုင်ယင် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တယ်ဆိုတာ သေချာတယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဟာ ပြတ်ထွက်သွားတယ်ဆိုတာလဲ သေချာပါတယ်၊ အစ,ကောင်းမှ အနှောင်းသေချာတယ်ဆိုတဲ့စကားလိုပါဘဲ၊ ဒီစိတ္တာနုပဿနာလုပ်ငန်းမှာ စိတ်ကို စိတ်ဟု ရှုတဲ့အစ, အလုပ်မသေချာယင် နောက်ကိုလဲ သေချာပါဘယ်လို့ မဆိုနိုင်ဘူး၊ အခုဟောနေတာ သဘောကိုရှင်းကြရဲ့လား။

စတုတ္ထအကြိမ်ရိုက်

ကဲ....ကဲ....ရှင်းလို့ ရှိယင် ခန္ဓာမှာ ဖြစ်ပေါ်လာတဲ့ စိတ်လို့ ဆိုယင် ဘာစိတ်ကိုဘဲဖြစ်ဖြစ် ပဌမဖြစ်တဲ့စိတ်ကို ဒုတိယစိတ်က စိတ်လို့ ရှုပေး-သိပေးပါ၊ ဒါ ဘုရားဟောတော်မူခဲ့တဲ့စိတ်ထိန်း တရားပါနော်....ရေစိုက်တော်မူကြစမ်းပါ၊ ဒီစိတ်သဘာဝဟာ အထိန်းရ တော်တော်ခက်တယ်ဆိုတာကိုလဲ ဓမ္မပဒပါဠိတော်မှာ ဒုန္နိဂ္ဂဟဿလဟုနော-ယထကာမနိပါတိနော-တဲ့၊ အဓိပ္ပါယ် ကတော့ လျှင်မြန် ပေါ့ပါးသောအဟုန်နဲ့ သူလိုရာ အာရုံသို့ လွှားခုန် ပြေးစိုင်းနေတဲ့စိတ်ကို နှိမ်နင်းနိုင်ဘို့က မလွယ်လှပါ ဘူးတဲ့၊ ဆင်ရိုင်းကို ချွန်းနဲ့အုပ်ပြီး အကြိမ်ကြိမ်အခါခါ ဆုံးမ ရတာလို စိတ်ကို ဆုံးမတဲ့နေရာမှာလဲ စိတ္တာနုပဿနာချွန်းနဲ့ အခါခါအထပ်ထပ် မပြတ်မလပ်အောင်ဆုံးမနေမှ ကိုယ်က နိုင် ရမယ်၊ ဒီလို စိတ်ကိုငြိမ်ဝပ်စေပြီး အပိုးသေအောင် ဆုံးမနိုင် ယင်တော့ လောကမှာ အကောင်းဆုံးလို့ ဆိုတာကို ဓမ္မပဒပါဠိ တော်မှာဘဲ "စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ" စိတ္တဿ=သိသိရာတခွင်က ဘာဝနာအစဉ်ဖြင့် အခါခါမပြင်ရ သေးတဲ့စိတ်ကို၊ ဒမထော=ယဉ်ကျေးအောင် တရားဘာဝနာနဲ့ သုံးပြီး အခါခါ ဆုံးမနိုင်ခြင်းသည်၊ အဟောသာဓု=ကြွှော်.... ကောင်းလေစွတကား၊ စိတ္တံ = ဟိုအာရုံ- ဒီအာရုံ လွှားခုန် ပြေးစိုင်း တောဆင်ရိုင်းနဲ့တူတဲ့စိတ်ကို၊ ဒန္တံ = စိတ္တာနုပဿနာ သုံးပြီး ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်းသည်၊ သုခါဝဟံ= လောကီနှင့် လောကုတ္တရာ ချမ်းသာအမျိုးမျိုးတို့ကို ပွားတိုး ကြီးခိုင် အပြီးတိုင်အောင် ဆောင်ရွက်နိုင်ပေသတည်း။

ဒီလို ကိုယ့်စိတ်ကို နိုင်အောင်လုပ်နိုင်ယင်တော့ အခု မျက် မှောက်ဘဝမှာဘဲ စိတ်ချမ်းသာ, ကိုယ်ချမ်းသာများကို ရပြီး

နိဗ္ဗာန်ချမ်းသာကြီးကိုပင် မျက်မှောက်ပြုနိုင်ပါတယ်လို့ ဆိုတဲ့ ဘုရားဟောဒေသနာကိုယုံကြည်တဲ့သဒ္ဓါတရားနဲ့ စိတ္တာနုပဿနာ အလုပ်တရားကိုဟောကြစို့....

**စိတ်အမျိုးအစားမှတ်သားစရာ**

စိတ်သဘာဝဆိုတာ အာရုံအလိုက်၊ နှလုံးသွင်းအလိုက် ဖြစ်ပေါ်ရတဲ့အတွက် စိတ်အမျိုးအစား တော်တော်များများရှိပါတယ်၊ အဲဒီစိတ်များမှာ....ရာဂစိတ်၊ ရာဂကင်းတဲ့စိတ်၊ ဒေါသစိတ်၊ ဒေါသကင်းတဲ့စိတ်၊ မောဟစိတ်၊ မောဟကင်းတဲ့စိတ်၊ ကျဉ်းကျုပ်စိတ်၊ ပျံ့လွင့်စိတ်၊မမြင့်မြတ်တဲ့စိတ်၊မြင့်မြတ်တဲ့စိတ်၊ အလွန်ရှိစိတ်၊ အလွန်မရှိတဲ့စိတ်၊ တည်တန့်စိတ်၊ မတည်တန့်စိတ်၊ လွတ်လပ်စိတ်၊ မလွတ်လပ်တဲ့စိတ်၊ အဲဒီလို စိတ်သရုပ်များကို မှတ်သားဘို့ကောင်းပါတယ်။

အဲဒီစိတ်မျိုးထဲမှာ ရာဂစိတ်လို့ဆိုတာက အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံ ကာမဂုဏ်ကို တွယ်တာ တပ်မက်တဲ့စိတ်ကို ရာဂစိတ်လို့မှတ်၊ ဒီရာဂစိတ်ဟာ သိပ်ပြီး အရာကျယ်တယ်၊ နှယ်နှယ်ရရမမှတ်နဲ့(သူဟာ) ဘယ်လောက်အရာကျယ်ပြီး ခန္ဓာနယ်ကို ချုပ်ပေးနေသလဲဆိုယင် တရားနာတို့က ကာမာဝစရ ကုသိုလ်စေတနာနဲ့ ပေးကမ်းခြင်း၊ဥပုသ်သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်းပြုကြတဲ့အခါများမှာလဲဒီကုသိုလ်များကို ပြုလုပ်တဲ့အတွက် သူဌေး၊ သူကြွယ်၊ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာ၊ မန္ဓာတ်၊ နတ်၊ ဗြဟ္မာများရဲ့ အဖြစ်များကို တောင့်တလိုလားတဲ့စိတ်က လာချင်သေးတယ်၊ အဲဒီ လာတဲ့စိတ်ဟာ ဘောဘနှင့် ယှဉ်တဲ့အတွက် တပ်မက်တဲ့ ရာဂစိတ်လို့ဘဲ မှတ်ရမယ်။

ရာဂကင်းတဲ့စိတ်ဆိုတာက လောဘစိတ်မှတပါး အခြားစိတ်များကို ရာဂကင်းတဲ့စိတ်လို့ ဆိုနိုင်ပါတယ်၊ မုချ သိရမှာက လောကုတ္တရာမဂ်စိတ်ကိုသာ ရာဂကင်းတဲ့စိတ်လို့ မှတ်ရမယ်။

ဒေါသစိတ်ဆိုတာ ပြစ်မှားမှုရှိသမျှ စိတ်အားလုံးကို ဒေါသစိတ်လို့မှတ်၊ ဒေါသကင်းတဲ့စိတ်လို့ဆိုတာကတော့ပြစ်မှားခြင်းကင်းတဲ့ စိတ်အားလုံးကိုလဲ ဆိုနိုင်ပါတယ်၊ မုချ သိ ရ မှာ က လောကုတ္တရာမဂ်စိတ်ကိုသာ ဒေါသကင်းတဲ့စိတ်လို့မှတ်ပါ။

မောဟစိတ်ဆိုတာကတော့ တွေဝေနေတဲ့စိတ်ပါဘဲ၊ဒီ့ပြင်မသိ၊ တွေဝေခြင်းနှင့်တကွ ဖြစ်တဲ့ လောဘ, ဒေါသ, ဥဒ္ဓစ္စ ဝိပ္ပယုတ်စိတ်တွေအားလုံးကို မောဟစိတ်လို့ ဆိုပါတယ်၊ မုချ အားဖြင့်ဆိုယင်တော့ အရဟတ္တမဂ်, အရဟတ္တဖိုလ် စိတ်များကိုသာ တွေဝေခြင်းကင်းတဲ့စိတ်လို့မှတ်ပါ။

ကျဉ်းကျုပ်စိတ်ဆိုတာ အကုသိုလ်ပြုမိခြင်း၊ ကုသိုလ်ကို မပြုမိခြင်းအတွက် နောင်တ ပူပန်တဲ့ ကုက္ကုစ္စ အလို့လို့ စိတ်ကို ကျဉ်းကျုပ်စိတ်လို့မှတ်ပါ။

ပျံ့လွင့်စိတ်ဆိုတာ ဥဒ္ဓစ္စသမ္ပယုတ်လို့မှတ်၊မြင့်မြတ်စိတ်ဆိုတာ အကုသိုလ်စိတ်မှတပါး အခြားစိတ် အားလုံးကို မြင့်မြတ်စိတ်လို့မှတ်၊ဒီအချက်မှာ အထူးမှတ်သားစရာ ကောင်းတာကတော့ အကုသိုလ်စိတ်ထက် ကာမကုသိုလ်စိတ်က မြတ်တယ်၊ ဒီထက် ရူပကုသိုလ်စိတ်ကမြတ်တယ်၊ ဒီထက် အရူပကုသိုလ်စိတ်က မြတ်တယ်၊ အဲဒီ လောကီစိတ်အားလုံးတို့ထက် ကိလေသာကိုအကြွင်းမဲ့ပယ်သတ်တဲ့ လောကုတ္တရာမဂ်စိတ်က မြင့်မြတ်လှပါတယ်။

မမြင့်မြတ်တဲ့စိတ်ဆိုတာ မုချအားဖြင့် အကုသိုလ်စိတ်လို့ မှတ်ပါ၊ အလွန်ရှိတဲ့စိတ်ဆိုတာ ဘုံဘဝသို့ သွားလိုစိတ်၊ လိုလားတဲ့စိတ် အားလုံးကို အလွန်ရှိစိတ်လို့မှတ်ပါ၊ အလွန်မရှိတဲ့ စိတ်ဆိုတာ မုချအားဖြင့် အရဟတ္တဖိုလ်စိတ်ကိုမှတ်ပါ၊ တည်တန့်တဲ့စိတ်ဆိုတာက ဥဒ္ဒစ္စကင်းသောစိတ်မှ တပါးသော စိတ်များကိုလဲ တည်တန့်စိတ်လို့ ဆိုနိုင်တယ်၊ ဒီ့ပြင် ဒါန, သီလ, ဘာဝနာစတဲ့ ကုသိုလ်စေတနာများနဲ့ ယှဉ်ခိုက် ခဏစိတ်ကိုလဲ ဆိုနိုင်ပါတယ်၊ ပဌမစျာန်သမာပတ်စတဲ့ စိတ်များကိုလဲ ဆိုနိုင်ပါတယ်၊ မုချအားဖြင့်မဂ်စိတ်, ဖိုလ်စိတ်များကို တည်တန့်စိတ်လို့မှတ်ပါ၊ မတည်တန့်စိတ် ဆိုတာက မုချအားဖြင့် ဥဒ္ဒစ္စနဲ့ ယှဉ်တဲ့စိတ်များဟာ မတည်တန့်စိတ်လို့မှတ်။

လွတ်လပ်စိတ် ဆိုတာကတော့ လောကသုံးပါးမှ လွတ်တဲ့ လောကုတ္တရာစိတ်(၈) ခုဟာ လွတ်လပ်တဲ့စိတ်လို့ မှတ်ပါ၊မုချအားဖြင့်ဆိုယင်တော့ အရဟတ္တမဂ်, အရဟတ္တဖိုလ်စိတ်များသာ လွတ်လပ်စိတ်လို့မှတ်ပါ၊ ဒီ့ပြင်ဘုံဘဝစွဲကင်းတဲ့(ဝါ)တဏှာ, ဥပါဒါန်ကင်းရှင်းတဲ့ ဒါန, သီလ, ဘာဝနာ, ကုသိုလ်ကံ မှန်သမျှတို့ကိုလဲ လွတ်လပ်တဲ့စိတ်လို့ မှတ်ကြပါ၊ မလွတ်လပ်တဲ့စိတ်ဆိုတာကတော့ မုချအားဖြင့် လောကီစိတ်( ၈၁ ) ခုတို့ဟာ လောကသုံးပါးက မကင်းရှင်းကြတဲ့အတွက် မလွတ်လပ်စိတ်လို့ မှတ်ကြပါ။

အခုလို စိတ်သရုပ်များကို ပြောနေရတာက အပိုမဟုတ်ပါဘူး၊ စိတ္တာနုပဿနာလုပ်ငန်းကို တကယ်တမ်းလုပ်တဲ့ အခါမှာ ဆိုယင် အခု သရုပ်နဲ့ပြောပြခဲ့တဲ့ စိတ်အမျိုးမျိုးတွေဟာ ခန္ဓာမှာ ဉာဏ်စိုက်ပြီးရှုတဲ့အခါကျတော့ အာရုံအလိုက်၊ နှလုံးသွင်း

အလိုက်ပေါ်ကြတယ်၊ အဲဒီအခါမှာ စိတ္တာနုပဿနာအလုပ်ကို အားထုတ်တဲ့ ယောဂီက ဘယ်လိုအသိနဲ့ နေရ- ရှုရမှာလဲလို့ ဆိုယင် မိမိရဲ့သန္တာန် ပဌမပေါ်တဲ့စိတ်ကို နောက်စိတ်ကသိပြီး ရှုပေးနေရမယ်၊ သဘောကြရဲ့လား၊ ဒီလိုရှုနေရမှာ ဖြစ်တဲ့အတွက် ခန္ဓာမှာပေါ်တဲ့စိတ်ကို သူ့ရဲ့ပင်ကိုယ် သဘာဝမှန်ကို သိနိုင်ပါတယ်၊ ဒါကြောင့် စိတ်ရဲ့သဘာဝနဲ့ သရုပ်ကို ယခုလို ထည့်ပြီးဟောလိုက်ရခြင်းဖြစ်ပါတယ်။

## စိတ်ချမ်းသာတဲ့ အကွက်ကောင်း

ဒီလောကမှာရှိတဲ့ သတ္တဝါအနန္တတွေဟာ စိတ်ထောင်းလို့ ကိုယ်ကြေဆိုတဲ့ စကားအရ စိတ်ရဲ့လွတ်လပ်မှု၊ စိတ်ချမ်းသာမှု၊ စိတ်ငြိမ်းအေးမှုရအောင် မလုပ်နိုင်ကြလို့ ကိုယ်ရော စိတ်ရော ဆင်းရဲနေကြရတာမဟုတ်လား....( ဟုတ်ပါတယ် ) ဒါဖြင့်ယင် စိတ်ချမ်းသာတဲ့နည်းရပြီးမှ အားထုတ်ကြိုးစားမှလဲစိတ်ချမ်းသာ ရမယ်၊ စိတ်ချမ်းသာမှလဲ ကိုယ်ချမ်းသာတယ်ဆိုတဲ့ အဖြေဟာ မမေးဘဲနဲ့ ထွက်မနေဘူးလား၊ ဒါကြောင့် ခန္ဓာမှာပေါ်လာတဲ့ စိတ်ကိုသိဘို့ရာ စိတ်သရုပ်ကိုဟောပြီး စိတ်အလုပ်ကို ဟောပါတယ်၊ ဒီစိတ္တာနုပဿနာအလုပ်မှာ ပေါ်တဲ့စိတ်ကို အပြစ်ကင်းအောင်၊ အငြစ်အကြေး ကင်းအောင် လုပ်ရတာဘဲ၊ စိတ်မှာ အပြစ်ကင်းအောင် မလုပ်နိုင်သမျှ စိတ်ချမ်းသာမှု မရနိုင်ဘူး၊ စိတ်ကို စင်ကြယ်အောင် အပြစ်ကင်းအောင် လုပ်နိုင်မှလဲ စိတ်ချမ်းသာတယ်၊ ကိုယ်လဲချမ်းသာပါတယ်၊ ဒီသဘောပေါက်မှ စိတ်လုပ်ငန်းကိုယုံကြည်ပါတယ်၊ ဒါကြောင့် ဒီစိတ်လုပ်ငန်းမှာ "ဇလေန ဘဝတိပက်ံ ဇလေနေဝ ဝိသုဇ္ဈတိ" တဲ့၊ ရေကြောင့် ဖြစ်တဲ့ ရွှံ့နှစ် ညွံစေး အငြစ်အကြေးကို ရေနဲ့ ပြန်ဆေးပေးမှ

စင်ကြယ်တာလို "စိတ္တေန ဘဝတိ ပါပံ စိတ္တေနေဝ ဝိသုဇ္ဈတိ" တဲ့၊ ယောဂီတို့ရဲ့ သန္တာန်မှာ ထင်ရှားဖြစ်ပေါ်လာတဲ့ စိတ်ငြစ် စိတ်ဆိုးများဟာလဲ စိတ်နဲ့ဘဲပြန်ပြီး သုတ်သင်ရှင်းလင်းပြီးဆေးပေးမှ စိတ်ရဲ့ အငြစ်အကြေးတွေ စင်ကြယ်သန့်ရှင်းနိုင်ပါတယ်၊ သဘောကိုရိပ်မိကြပလား၊ ကဲ.... ဒါဖြင့်ယင် စိတ်လုပ်ငန်း ဝင်ကြစို့၊ စိတ်လုပ်ငန်းကို စမြီးဟောပြီနော်.... နှလုံးသွင်းကောင်းကောင်းထားပြီး ဥာဏ်နားကို စိုက်ဘော်မူကြပါ။

"သရာဂံဝါစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ"၊

သရာဂံဝါစိတ္တံ = တပ်မက်ခြင်း ရာဂနှင့်တကွ ဖြစ်ပေါ်လာတဲ့စိတ်ကို၊ သရာဂစိတ္တန္တိ = တပ်မက်ခြင်းရာဂနှင့်တကွဖြစ်တဲ့ စိတ်ဟု၊ ပဇာနာတိ = အပြားအားဖြင့် သိရာ၏-တဲ့၊ အဓိပ္ပါယ်က ကိုယ့်မှာ ထင်ရှားဖြစ်ပေါ်တဲ့ ရာဂစိတ်ကို ရာဂစိတ်လို့ဘဲသိရမတဲ့၊ ငါလို့ သူလို့ မသိရဘူးတဲ့၊ ဒီလို ထပ်ခါထပ်ခါ သိနေတဲ့အတွက် စိတ်ရဲ့ပင်ကိုယ်သဘာဝမှန်ကို သိနေတဲ့ ယောဂီဟာ ဝတ္ထုကာမနှင့် ကိလေသာကာမတို့ အာရုံဆီကို လူရောစိတ်ရော မရောက်တော့ဘူး၊ လက်တွေ့ လုပ်စမ်းကြည့်ပါ၊ ဒါအစဘဲ ရှိသေးပါတယ် ရိပ်မိပလား။

ကဲ....ဒါဖြင့်ယင် ယောဂီများ ဆက်လက်ပြီးကြိုးစားရမှာက မိမိသန္တာန်မှာ ထင်ရှား ပေါ်လာတဲ့ရာဂစိတ်ကိုဘဲ မပျောက်မခြင်း၊ မငြိမ်းမခြင်း သိအောင် သတိနဲ့ရှုကြ၊ ရှုဖန်များလာသောအခါမှာ အပြားအားဖြင့်လဲ သိလာပါတယ်၊ အပြားအားဖြင့် သိလာတယ်ဆိုတာက ဘယ်လိုလဲဆိုလို့ရှိယင် ကိုယ်မှတ်နေတဲ့ ရာဂစိတ်ရဲ့ ပင်ကိုယ်သဘာဝကိုလဲ သိလာပါတယ်၊

စတုတ္ထအကြိမ်ရိုက်

ပြီးတော့ ဒီရာဂစိတ်ဟာ ဖြစ်စရာ အာရုံကို အကြောင်းခံပြီး ဖြစ်လာတာဘဲလို့ဆိုတဲ့ အကျိုးတရားကိုလဲ သိလာပါတယ်၊ ဒီ့ပြင် ဒီရာဂစိတ်ဟာ ဖြစ်စရာ အကြောင်းချုပ်ယင် ဒီအကျိုး ဖြစ်တဲ့ ရာဂစိတ်လဲ ချုပ်သွားတာဘဲလို့ ဆိုတာကိုလဲ သိလာပါ တယ်၊ ဒါမျှမကသေးဘူး ဖြစ်စရာအကြောင်း အာရုံကြောင့် ဖြစ်လာတဲ့ အကျိုး ရာဂစိတ်ဟာ မမြဲတဲ့ အနိစ္စ၊ အနိစ္စ သဘာဝအစစ်၊ ဖြစ်ပျက်၊ ပေါ်ပျောက် ဆိုတာကိုလဲ သိပါ တယ်၊ ဥပါဒ်နှင့် ဘင် အစဉ်မပြတ်နှိပ်စက်နေရတဲ့ဒုက္ခဘဲဆိုတာ ကိုလဲ သိပါတယ်၊ ပိုင်ဆိုင်သူ၊ အစိုးရသူမရှိတဲ့အနတ္တ၊ သဘာဝ မှန်ကိုလဲ သိလာပါတယ်၊ ဒီလိုသိလာတာကိုဘဲ အပြားအားဖြင့် သိတဲ့ ပဇာနာတိပါဘဲ၊ ဒီအသိမျိုးတွေကို ကိုယ်ပိုင်ဉာဏ်သိ လာတယ်ဆိုတာက စိတ္တာနုပဿနာအလုပ်ကို လုပ်လို့သိတာပါ၊ အလုပ်မရှိတဲ့ ပါးစပ်ပြောနဲ့တော့ မသိပါဘူး၊ ဒါကြောင့် အသိဉာဏ်ရရေးမှာ ယောဂီသန္တာန်မှာ ပေါ်လာတဲ့ ရာဂစိတ် ကိုဘဲ ထပ်ခါထပ်ခါငြိမ်းသွားအောင် ရှုရမယ်၊ ဒီလိုရှုပေးလို့ ရာဂကင်းစိတ်ပေါ်လာယင် အဲဒီ ရာဂကင်းတဲ့စိတ်ကိုဘဲ ထပ်ခါ ထပ်ခါ ရှုပေး ဖြစ်ပျက်ဉာဏ်ကလဲ လိုက်ပေးရမယ်။

အို.... ယောဂီအပေါင်း သူတော်ကောင်းတို့၊ ကြိုးစားကြ နော်၊ အခုဟောတဲ့နည်းအတိုင်း မိမိရဲ့သန္တာန်မှာ ဒေါသစိတ် ဖြစ်ပေါ်ယင် ဒီစိတ်ကို ဒေါသ စိတ် လို့လဲ သိပေး၊ ဖြစ်စရာ အနိဋ္ဌာရုံကြောင့် ဖြစ်တဲ့အကျိုး ဒေါသစိတ်ဘဲ.... လို့ ဆင်ခြင် ကြည့်၊ ဖြစ်ပျက်,ဖြစ်ပျက်ဆိုတဲ့ဉာဏ်က လိုက်ပေး၊ သတိထား ကြိုးစားပေး၊အခုဟောခဲ့တဲ့အတိုင်း ဒေါသစိတ်ကို ဒေါသစိတ်

လို့ရှု၊ ဒေါသကင်းတဲ့စိတ်ကို ဒေါသကင်းတဲ့စိတ်လို့ရှု၊ မောဟ-စိတ်ကို မောဟစိတ်လို့ရှု၊ မောဟကင်းတဲ့စိတ်ကို မောဟကင်း-စိတ်လို့ရှု၊ ဒီနည်းအတိုင်းသာ ခန္ဓာမှာ မောဟစိတ် ဖြစ်ယင် မောဟစိတ်ကိုရှု၊ မောဟကင်းတဲ့စိတ်ကို မောဟကင်းစိတ်လို့ရှု၊ ကျဉ်းကျုပ်တဲ့စိတ်ကို ကျဉ်းကျုပ်စိတ်လို့ ရှုပေး၊ ဒီ့ပြင်ပျံ့လွင့်စိတ်, မမြင့်မြတ်တဲ့စိတ်,အလွန်ရှိစိတ်,တည်တန့်စိတ်, မတည်တန့်တဲ့စိတ်, လွတ်လပ်စိတ်, မလွတ်လပ်တဲ့ စိတ်များကိုလဲ သူ့ရဲ့ သဘာဝမှန်အတိုင်း သိ,သိပေးနေတဲ့အလုပ်ဟာဉာဏ်မှန်ကိုရပြီး အပြားအားဖြင့် သိ,သိလာပါတယ်၊ ဒီအသိဉာဏ်ကိုရမှ စိတ်မှာ ဖြပ်တဲ့ အငြစ်အကြေးတွေ စင်ကြယ်သွားတယ်၊ စိတ်စင်ကြယ်လို့လဲ စိတ်ကြောင့်ဖြစ်ရတဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေ အေးသွားပါတယ်၊ ဒါကြောင့်လဲ စိတ်ချမ်းသာကွက်ကို ရလာပါတယ်၊ ဒီနေရာမှာ စိတ်ရဲ့ အငြစ်အကြေး ကင်းတယ်လို့ ဆိုတာက ကာမစ္ဆန္ဒ,ဗျာပါဒ,ထိန,မိဒ္ဓ,ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ဆိုတဲ့ အပိတ်အပင် ဒီအငြစ်အကြေးတွေ ကင်းစင်သွားတာကို ဆိုပါတယ်။

အဲဒီ အငြစ်အကြေးတွေ စိတ်မှာ ကင်းစင်ဘို့ရာကဘော့ အခုဟောပြခဲ့တဲ့ စိတ္တာနုပဿနာ လုပ်ငန်းကိုဘဲ လုပ်ရမယ်၊ လုပ်ငန်းစဉ်မှာ အခုဟောတဲ့ စိတ်သရုပ်ရှိသမျှ အားလုံးကိုသိရ လုပ်ရမယ်လို့ ဒီလို မဆိုလိုပါဘူး၊ ခန္ဓာမှာ ပေါ်တဲ့စိတ်လို့ ဆိုယင်တော့ ဘယ်စိတ်ကိုမှ မသိဘဲ မရှုဘဲ လွှတ်မပေးနဲ့၊ မိမိ ရရသာ ကိုယ့်ခန္ဓာမှာ ဖြစ်စေ၊ သူတပါး သန္တာန်မှာ ဖြစ်စေ၊ မိမိ,သူတပါး သန္တာန် ၂-ပါးတို့မှာဖြစ်စေ ကျရောက်ဖြစ်ပေါ် လာသမျှကို သိပေးပါ၊ ဆင်ခြင်တဲ့ ဉာဏ်ကလဲ ဒီအာရုံနဲ့ ဒွါရ

စတုတ္ထအကြိမ်ရိုက်

တိုက်ဆိုကြလို့ တခဏခြင်း ဖြစ်ပေါ်လာတဲ့စိတ်ဟာ တခဏခြင်းဘဲ ချုပ်ပျက်သွားပါကလားလို့ဆိုတာကိုလဲ ရှုပေးပါ။

ဒီလိုရှုနေတဲ့ယောဂီဟာ "စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ" စိတ်ကိုစိတ်လို့ဘဲ သူ့သဘာဝ ပင်ကိုယ်သဘောကို သိ,သိနေတဲ့အတွက် အရှုခံရတဲ့ စိတ်အပေါ်မှာရော၊ ရှုတဲ့ ဝိပဿနာစိတ်အပေါ်မှာရော၊အတ္တ,အတ္တနိယ,လို့ဆိုတဲ့ ငါကောင်,သူကောင်အမြင်ဟာ မရှိတော့ပါဘူး။

ဒိဋ္ဌိပြုတ်ပြီ၊ သဘောပေါက်ကြရဲ့လား၊ ပြီးတော့ စိတ္တာနုပဿီ ဝိဟာရီဖြစ်နေတဲ့ ယောဂီဉာဏ်မှာ ဒီစိတ်ဟာ အာရုံကြောင့်ဖြစ်တဲ့ အကျိုးတရားမျှသာဘဲလို့ အသိရှိနေပြီးသားဖြစ်လို့ ဝိစိကိစ္ဆာလဲ ကင်းသွားပြီ၊အတော်အရေးကြီးတဲ့ အချက်နော်....(ကြီးပါတယ်) ကဲ... ဒါဖြင့်ယင် ဒိဋ္ဌိ,ဝိစိကိစ္ဆာပြုတ်တဲ့သူတို့ဘယ်လိုနာမည်တပ်ကြမလဲ.... (သောတာပန်)ကဲ....ဒီစိတ္တာနုပဿနာ လုပ်ငန်းတခုထဲနဲ့ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပြုတ်တဲ့ အလုပ်ကိုကိုယ်တိုင်လုပ်ယင် ကိုယ်တိုင်ပြုတ်ဘယ်ဆိုတာ သေချာပလား၊ ကြိုးစားကြနော်၊ ဓမ္မဓိဋ္ဌာန်ကျပြောရမယ်ဆိုယင် ဒီလုပ်ငန်းဟာဆရာကောင်း သခါးကောင်းနဲ့သာ မတွေ့ကြဘူးဆိုယင် အနာဂတ် သံသရာတလျှောက် ဒုက္ခတွေမရောက်ကြပေဘူးလား၊သိပ်ပြီး ကြောက်စရာ ကောင်းတယ်နော်....၊ ဒါဖြင့်ယင် တရားနာပရိသတ်အပေါင်းတို့၊ ဒီနေ့ကစပြီး ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တဲ့အလုပ်ကိုမလုပ်ယင် မဖြစ်ဘူးဆိုတာ သေချာပြီ၊ သေချာလို့ရှိယင်စိတ္တာနုပဿနာ လုပ်ငန်းစဉ်အရ ခန္ဓာမှာ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်,ထိသိစိတ်,ကြံသိစိတ်တွေ ထင်ရှားပေါ်လာယင် ဒိဋ္ဌေ-ဒိဋ္ဌမတ္တံ၊ သုတေ-သုတမတ္တံ၊မုတေ-မုတမတ္တံ၊ ဝိညာတေ-

ဝိညာဏမတ္တာ”လို့ ဘုရားရှင်က ဒါရုစိယကို ဟောညွှန်နည်းပေးတော်မူချက်အရ မိမိခန္ဓာမှာ ဘာစိတ်ပေါ်ပေါ် ပေါ်လာသမျှ စိတ်ကိုဖြင့် သတိနဲ့ရှု, ပညာနဲ့နှိမ် အကြိမ်ကြိမ်အဖန်ဖန် စိတ္တာနုပဿနာဉာဏ်နဲ့သာ အဇ္ဈတ္တ ကိုယ်ထဲမှာရော- ဗဟိဒ္ဓမှာရော အဇ္ဈတ္တနဲ့ ဗဟိဒ္ဓ ၂-ပါးစလုံးမှာရော လုံ့လရယ်, ဉာဏ်ရယ်, သတိရယ် ဒီ ၃-ပါးလက်ရှိနဲ့ မိမိရရရှုမြင်ပြီးနေတဲ့ ယောဂီမှာ သမုဒယ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ သမုဒယ ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ” မဇ္ဈိမနိကာယ မူလပဏ္ဏာသပါဠိတော်အရ ဒီစိတ္တာနုပဿနာကို အားထုတ်ပြီးနေတဲ့ယောဂီမှာ စိတ်ဖြစ်ကြောင်းနှင့် တကွ စိတ်စ၍ ဖြစ်တာကိုလဲ သိနေပါတယ်၊ စိတ်ရဲ့ဘခဏခြင်း ပျက်ဘာကိုလဲ သိနေပါတယ်၊ စိတ်ရဲ့ ဖြစ်မှုပျက်မှု ၂- ခုစလုံးကိုလဲ သိ,သိနေပါတယ်ဆိုဘာ ဘုရားဟောပါ၊ ဒီလို ခန္ဓာမှာ ပေါ်လာသမျှ စိတ်အမျိုးမျိုးကို သတိနဲ့ မလွတ်တန်းထင်ပြီး ဖြစ်ပျက်ဉာဏ်နှင့် ရှုမြင်နေတဲ့ ယောဂီမှာ ဉာဏ်အဆင့်ဆင့်ရင့်လာပြီး စိတ္တ သမာဓိလဲ ဖြစ်နေပါတယ်၊ အတ္ထိ စိတ္တန္တိဝါ ပနဿ ပစ္စုပဋ္ဌိတာ ဟောတိတဲ့၊ အဲဒီ ဖြစ်တဲ့ စိတ္တသမာဓိနဲ့ ကြည့်တော့ စိတ်သဘာဝကိုဘဲ အ သိ ဉာဏ် ဖြစ် နေ တယ်၊ ယောဂီရဲ့ သတိကလဲ စိတ်သဘာဝကိုပင် ရှေးရှု ထင်နေပါတယ်၊ ဒီစိတ္တာနုပဿနာသတိကိုတော့မလွတ်ရဘူး၊ ယာဝဒေဝ ဉာဏမတ္တာယပဋိဿသတိမတ္တာယ အနိဿိတောစ ဝိဟရတိ” တဲ့၊ ခန္ဓာပေါ်လာတဲ့ စိတ်သဘာဝကိုအစဉ်သိ သတိရပြီး ရှေးရှုထင်နေတဲ့သတိဟာ ကိုယ်အားထုတ်တဲ့ စိတ္တာနုပဿနာဉာဏ် အဆင့်ဆင့်ရင့်သန်ဘို့အတွက်လဲ ထင်တဲ့သတိဖြစ်ပါတယ်၊ ခန္ဓာ

မှာ ပေါ်လာသမျှစိတ်သဘာဝ အဆင့်ဆင့်အစား၊စားကိုအစဉ်အောက်မေ့နေတဲ့အတိုရဲ့ ခိုင်မြဲကြီးပွားဘို့အတွက်လဲ ဖြစ်တယ်၊

ဒါကြောင့် ဘုရားရှင်က စိတ္တာနုပဿနာလုပ်ငန်းမှာ ဖြစ်ပေါ်လာသမျှ စိတ်သဘာဝကို ဘာစိတ်ဘဲ ပေါ်ပေါ်သတိနဲ့ကပ်ပြီး အသိကမလစ်လပ်စေနဲ့ ဖြစ်ပျက်ဉာဏ်က ရှုရှုပေးပါတဲ့၊ ဒီလိုရှုနေတဲ့ယောဂီဟာ "အနိဿိတောစ ဝိဟရတိ" စိတ်မှာ တဏှာနဲ့ဒိဋ္ဌိ အမှီအတွယ်မရှိဘဲနေနိုင်ပြီတဲ့၊ ဒီ့ပြင် "နစကိဉ္စိ လောကေ ဥပါဒိယတိ" ဒီဥပါဒါနက္ခန္ဓာ လောကကိုလဲ ဒိဋ္ဌိအယူနဲ့အတ္တရှိတယ်လို့ မစွဲလမ်းတော့ဘူး၊ အတ္တနိယ- ငါ့ဥစ္စာရယ်လို့ တဏှာအနေနဲ့လဲ မစွဲလမ်းတော့ဘူး .... တဲ့၊ အဲဒါဟာ "တဏှာနိရောဓာ ဥပါဒါန နိရောဓော" ခန္ဓာမှာ တဏှာချုပ်ယင် ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန်ရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ဘဝ၊ဇာတိ၊ဇရာ၊မရဏဆိုတာတွေလဲ အကုန်ချုပ်သွားကြတယ်၊ ခန္ဓာမှာချုပ်ဘို့ အရေးကြီးတယ်နော်၊ စိတ္တာနုပဿနာအလုပ်ကို လက်တွေ့မလုပ်ယင်တော့ မဖြစ်ဘူး.... (သဘောပါကြရဲ့လား) ဒါဟာ ခန္ဓာပဋိစ္စသမုပ္ပါဒ် တကယ်ပြတ်တဲ့ စိတ္တာနုပဿနာအလုပ်ဆိုတာ သချာပလား။

ဒါကြောင့် မြတ်စွာဘုရားက 'ချစ်သားတို့-ချစ်သမီးတို့ ခန္ဓာမှာပေါ်လာသမျှ စိတ်သဘာဝကိုအစဉ်အောက်မေ့ပြီး ထင်တဲ့သတိနဲ့ အသိဉာဏ်တိုးပွားတဲ့ စိတ္တာနုပဿနာအလုပ်ကို ကြိုးစားအားထုတ်ပြီးနေကြလို့ ဟောတော်မူပါတယ်၊ ဒီဟောတော်မူချက်အရ အခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့မှာလဲ ဒီကနေ့ကစပြီး စိတ္တာနုပဿနာအလုပ်ကိုကိုယ်စီကိုယ်င

အားထုတ်နိုင်ကြပြီး ဒီဝိပဿနာ လုပ်ငန်းစဉ်မှာပင် မဂ်ဝင် ဖိုလ်ဆိုက်ဖြစ်အောင် ကျင့်ဆောင်ကြိုးစား နိုင်ကြပါကုန်....

# သစ္စာသိမြင် နိဗ္ဗာန်ဝင် တရားတော်

ဒီကနေ့ .... သစ္စာသိမြင် နိဗ္ဗာန်ဝင်တရားဟောမယ်၊ နိဗ္ဗာန်ဆိုတာ ပါးစပ်အပြော စိတ်ကူးနဲ့မရနိုင်ဘူး၊ သစ္စာလေးပါးတို့ကို ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိမြင်မှ နိဗ္ဗာန်ရနိုင်တယ်၊ ကျေနပ်ကြပလား.... (ကျေနပ်ပါတယ်) ဒါဖြင့် ယခု တရားနာကြတဲ့ ပရိသတ်မှာ သစ္စာကိုသိဘို့ အရေးကြီးတယ်၊ သစ္စာ ဘယ်မှာ ရှိတယ်လို့မှ မသိယင်လဲ မြင်အောင် ကြည့်ဘို့- သိဘို့မလွယ်ပါ၊ ဒါကြောင့် ပရိသတ်က သစ္စာလေးပါးဟာ ခန္ဓာမှာရှိတယ်လို့ ဆိုတာကိုတော့ စင်စင်ကြယ်ကြယ်နဲ့ သိမှတ်ပြီးထားကြစေချင်ပါတယ်၊ ဒီလိုသိမှတ်ပြီး အခုဟောတဲ့သစ္စာတရားကိုနာကြားတဲ့ အခါမှာလဲ ဉာဏ်နားကို အသုံးပြုပြီးတော့ နှလုံးသွင်းရှိရှိ မိမိ ရရနဲ့ နာကြပါ၊ ဒီလို နာကြားမှလဲ ခန္ဓာမှာ ဉာဏ်ဝင်ပြီး သစ္စာကို သိမြင်နိုင်ပါတယ်၊ သစ္စာကိုသိမြင်မှလဲ နိဗ္ဗာန်ကိုဝင် ကြရမယ်၊ သစ္စာတရားမှ ကိုယ်ခံပြီးနေတဲ့ ပဋိစ္စသမုပ္ပန္န ဝဋ် ဒုက္ခမှ မုချလွတ်မြောက်နိုင်ကြမယ်၊ သမီးနဲ့သား - ဇနီးများနဲ့ ချစ်ကျွမ်းတဝင် - ခင်ပွန်းလင်လို့ ဆိုတာများကတော့ ပြုစု လုပ်ကျွေး ဆေးပေးမီးယူ မသေခင် ကူညီဖေါ်ရတာဘဲရှိတယ်၊ ခန္ဓာဒုက္ခမှ လွတ်အောင်ကတော့ သစ္စာလေးပါးတရားကလွဲလို့ ဘယ်သူကမှ မကယ်နိုင်ကြဘူးတဲ့၊ ဒါကြောင့် သဂါထာ ဝဂ္ဂ သံယုတ်ပါဠိတော်မှာ....

စတုတ္ထအကြိမ်ရိုက်

နဟိ ပုတ္တောပတိဝါပိ၊ ပိယော ဒုက္ခာပမောစယေ၊
ယထာ သဒ္ဓမ္မသဝနံ၊ ဒုက္ခာ မောစေတိ ပါဏိနံ။

သဒ္ဓမ္မသဝနံ = သူတော်ကောင်းတို့ ကောင်းစွာ ဟောအပ် သစ္စာတရားမြတ်ကို တပ်အပ်ထင်ထင်သမ္မာဉ်ဖြင့် သိမြင်နာကြား လိုက်ရခြင်းသည်၊ ပါဏိနံ = လုံးစုံများစွာ သတ္တဝါတို့အား၊ ဒုက္ခာ=ပဋိသန္ဓေ အို၊နာသေနှဲ့တွေ့တွေ့များလှ ဝဋ်ဆင်းရဲဒုက္ခမှ၊ မောစေတိယထာ=ကောင်းစွာ လွတ်မြောက်စေနိုင်ဘိသကဲ့သို့၊ တထာ=ထိုနည်းအတူ၊ ပိယော=မြတ်နိုးကြည်လင် မေတ္တာဝင်၍ အလွန်ပင် ချစ်ခင်မြတ်နိုးအပ်သော၊ ပုတ္တာဝါပိ = မိမိရင်သွေး သားသမီးကလေးတို့သည်ရင်း၊ ပတိဝါပိ=မိမိအရှင် ခင်ပွန်းလင် သည်ရင်း၊ ဒုက္ခာ=ပဋိသန္ဓေ အို၊နာ၊သေနှဲ့ အတွေ့တွေ့များလှ ဝဋ်ဆင်းရဲဒုက္ခမှ၊ နဟိမောစယေ = ဘယ်သူမှ မလွတ်စေနိုင် သတည်း။

(ဆောင်ပုဒ်) ၁။ သား၊ လင်၊ သမီး၊ ဒုက္ခကြီး ဘယ်နည်း မလွတ်နိုင်။
၂။ သား၊မယား၊ သမီး၊ ဒုက္ခကြီးဘယ်နည်း မလွတ်နိုင်။
၃။ သစ္စာတရားမှ၊ ဘေးဒုက္ခ၊ မုချလွတ်စေ နိုင်....တဲ့။

ဒီဆောင်ပုဒ်ကလေးဟာ အတော်မှတ်စရာကောင်းပါတယ်၊ သူ့ရဲ့အဓိပ္ပါယ်ကလဲ ရှင်းနေပါတယ်၊ သံသရာဆိုတဲ့ ဒုက္ခနယ်က မုချလွတ်မြောက်တဲ့ နိဗ္ဗာန်သို့ ရောက်အောင်ဆိုတာ ဘယ်သား သမီး၊ဘယ်ဇနီး၊ဘယ်လင်ကမှ ကယ်တင်ပို့ဆောင်နိုင်ပါတယ်လို့ မရှိဘူး၊သစ္စာလေးပါးတရားကို ကိုယ်တိုင်နာကြားပြီး ကိုယ်တိုင်

စတုတ္ထအကြိမ်ရိုက်

ကျင့်၊ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ရှိမှ နိဗ္ဗာန်ကို ရပါတယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူတဲ့ အချက်ကို လေးလေး နက်နက် လိုက်နာကြရပေလိမ့်မယ်၊ ကဲ....ကဲ.... အရိယ သစ္စာ တရားကို ဟောပါမယ်၊ သစ္စာလေးပါးဆိုတာ အမှန်တရား လေးပါးလို့လဲသိထားကြ။

ဒါကြောင့် သစ္စာဆိုတာ ခန္ဓာမှာရှိပါတယ်၊ခန္ဓာမှာမကြည့် ဘဲနဲ့ စာကိုကြည့်နေယင် စာမှာသိတဲ့သစ္စာဘဲဖြစ်မယ်၊ ခန္ဓာမှာ ကြည့်လို့ဉာဏ်မိပြီး အမှန်သိမှ အရိယာသစ္စာဖြစ်မယ်၊ ဒီစကား ဟာ ကျုန်တော်ကလုပ်ကြံပြီးပြောနေတာမဟုတ်ပါဘူးဆိုတာကို ပရိသတ်များ ယုံကြည်စိတ်ချလောက်အောင်အထောက်အထား ပါဠိတော်မှာ "ဣမသ္မိံ ယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမာနကေ ကာယေ လောကဉ္စ ပညာပေမိ, လောက သမုဒ ယဉ္စ လောကနိရောဓဉ္စ၊ လောကနိရောဓဂါမိနီ ပဋိပဒါယ ပညာပေမိ" လို့ ဟောတော်မူတယ်၊ အဓိပ္ပါယ်ကတော်အမှတ်နဲ့ စိတ်နဲ့တကွ ဒီတလန်မျှရှိတဲ့ ခန္ဓာကို လောကလို့ဘုရားရှင် ကိုယ် တော်မြတ်ကြီးက ဟောပြသိစေတော်မူတယ်၊ လောကဆိုတဲ့ ဒုက္ခသစ္စာ ခန္ဓာကိုဖြစ်စေတဲ့ အကြောင်းခံ သမုဒယသစ္စာကိုလဲ ဒီခန္ဓာထဲမှာဘဲလို့ ဟောတော်မူပါတယ်၊ အဲဒီ ဒုက္ခ သစ္စာခန္ဓာ လောကဆိုတဲ့အကျိုးတရားနဲ့ အကြောင်းသမုဒယသစ္စာ နှစ်ပါး တို့ရဲ့ ချုပ်ငြိမ်း လွတ်လပ်မှုသဘော နိရောဓသစ္စာ "နိဗ္ဗာန်" ဆိုတာကိုလဲ ဒီခန္ဓာမှာ ရှိတယ်လို့ ဘုရားရှင်က အတိအကျ ဟောပြသိစေတော်မူခဲ့ပါတယ်၊ ဒီ ပြင် ဒုက္ခသစ္စာ ဆင်းရဲတာ အမှန် ဥပါဒါနက္ခန္ဓာလောကရဲ့ ချုပ်ငြိမ်းကြောင်းနည်းကောင်း လမ်းမှန်ဖြစ်တဲ့ "မဂ္ဂသစ္စာ" ဆိုတာလဲ ခန္ဓာမှာဘဲ ရှိပါတယ်လို့

အတိအကျဘုရားရှင်က သိစေတော်မူခဲ့ပါတယ်၊ ဒါကြောင့် သစ္စာတရားဟာ ခန္ဓာရှိတယ်ဆိုတဲ့ စကားကိုဖြင့် ဓမ္မကထိကရဲ့ မှန်းဆတွေးတောပြီး ပြောတဲ့စကားမဟုတ်ပါဘူး၊ ဘုရားဟော တော်မူခဲ့တဲ့ တရားစစ်တရားမှန် ကေန်ဖြစ်တယ်ဆိုတာကို ယခု တရားနာကြတဲ့ ပရိသတ်များ ယုံကြည်အားထားပြီး နာကြား အားထုတ်နိုင်ကြပါစေဆိုတဲ့ အကြောင်းကို စေတနာကောင်းနဲ့ ပါဠိတော်ကို ထောက်ထား ကိုး ကား ပြီး ဟောပါတယ် .... (ယုံကြည်ပါတယ်)။

ကဲ....ယုံကြည်ကြလို့ရှိယင် သစ္စာကို သိမြင်ဘို့အတွက် ခက်ခဲ နက်နဲတဲ့သစ္စာတရားကို ခန္ဓာဉာဏ်နဲ့ ကြည့်ကြရမယ်၊ ဒီလိုခန္ဓာ ဉာဏ်ရောက်ပြီးသစ္စာဉာဏ်အလင်းပေါက်အောင် ကြည့်တဲ့အခါ မှာ ၁- ဥဒ္ဒေသနက္ကမ ဟောစဉ်နည်း။ ၂- ပဋိပတ္တိက္ကမ ကျင့်စဉ် နည်း။အဲဒီလို ၂-နည်းရှိပါတယ်။ ၂- နည်းရှိတဲ့အတွက် အခု ဒေသနာစဉ်နည်းကို အရင်စပြီးဟောပါမယ်၊ ဒီနည်းမှာ "ဒုက္ခေ ဉာဏံ" ဒုက္ခေ=ဆင်းရဲဒုက္ခလို့ဆိုတဲ့ ဉပါဒါနက္ခန္ဓာ ဒုက္ခသစ္စာ၌၊ ဉာဏံ=သိသောဉာဏ်ကိုရင်း၊ ဘကျာ, ဉပါဒါန်တို့နဲ့ တပ်မက် စွဲလမ်းပြီး သိမ်းပိုက်ထားတဲ့ ခန္ဓာ ဒုက္ခသစ္စာကိုရင်း သိရမတဲ့၊ သိပ်မလွယ်ပါဘူး ပရိသတ်အပေါင်းတို့....။

ဒီလိုဟောတာကို နာရုံမျှနဲ့တော့ ခန္ဓာကို ထွင်းဖေါက်ပြီး သစ္စာဉာဏ် အလင်းပေါက်ဘို့ဆိုတာ မလွယ်ပါဘူး၊ တကယ့်ကို သိမှ အသိမှန်ဖြစ်ပါတယ်၊ဒီလို အသိမှန်ရဘို့ဟာ ဆရာကောင်း သမားကောင်းများက ပေးအပ်တဲ့ နယဝိပဿနာကိုလဲ အား ထုတ်မှ ဖြစ်ပါတယ်။

သဘောပေါက်ကြစမ်းပါ၊ တချို့က ပြောကြတယ်၊ ရှင်

သာရိပုတ္တရာရဲ့ အလောင်းဖြစ်တဲ့ ဥပတိဿဟာ ရဟန္တာအစစ် ဖြစ်တဲ့ ရှင်အဿဇိဟောတဲ့ "ယေဓမ္မာ ဟေတုပ္ပဘဝါ" ဆိုတဲ့ ဂါထာ မဆုံးခင်ဘဲ သောတာပန် ဖြစ်သေးတာဘဲ၊ ဒါကြောင့် သစ္စာလေးပါးသိဘို့ရာ သိပ်မခက်လှပါဘူးလို့ ပြောသံကြား ရတယ်၊ ဖြစ်တာလဲ မှန်ပါတယ်၊ ဒါပေမယ်လို့ ဥပတိဿရဲ့ ပါရမီနဲ့ ဉာဏ်အဆင့်အတန်းဟာ တသင်္ချေနဲ့ ကမ္ဘာ့တသိန်းက ဆည်းပူးလာခဲ့တဲ့ ပါရမီရှင်ကလဲဖြစ်တယ်၊ ပြီးတော့ မှန်ကန်တဲ့ သစ္စာလေးပါးတရားကို (ရှင်အ ဿ ဇိ ဘွဲ့ အမည်တော်ရှိတဲ့ ရဟန္တာက တိကျ မှန်ကန်စွာ ဟောတော်မူတဲ့ ဒေသနာစဉ်မှာ ဂါထာရဲ့ ပုဒ်ပါဒနဲ့ သဘာဝကို တလုံး တပါဒမကျန် ခန္ဓာ ဉာဏ်ရောက် သစ္စာဉာဏ် အလင်းပေါက်နိုင်တဲ့ ဉာဏ်ကြီးရှင် ဥဃဋိတညူပုဂ္ဂိုလ်ကလဲ ဖြစ်ပါတယ်၊ ပြီးတော့ သူခပင်္ဒပဒါနဲ့ ချမ်းသာစွာကျင့်ပြီး ခိပ္ပာဘိညာ ဂါထာဆုံးတာနဲ့ အမှန်ဉာဏ်ကို အမှန်ရတဲ့ ပုဂ္ဂိုလ်ထူးလဲဖြစ်လို့ လွယ်လွယ်နဲ့ သောတာပန်တည် တာဟာ ငြင်းစရာမရှိပါဘူး၊ ဒါပေမယ်လို့ အချို့က အဲဒီ စာကလေး ရွတ်နိုင်တာနဲ့ ပြီးတယ် သိတယ်လို့ ထင်နေကောင်း ထင်နေကြလိမ့်မယ်၊ ကျုပ်က စပြီး ပြောရမယ် ဆိုယင်တော့ ရှင်အဿဇိဟောတဲ့ဂါထာကို ကျုပ်အနက်ပါရတယ်၊ ဟောတဲ့ ရွတ်တဲ့ အခါပေါင်းကလဲများပြီ၊ ပရိသတ်ကလဲ မေ့ကထိက များက ဟောလို့ နာရပေါင်း ကြားရပေါင်းတွေကလဲ များလှ ကြပြီမဟုတ်လား။

ဒီလိုများလာပေမယ်လို့ ရှင်သာရိပုတ္တရာရဲ့အလောင်းဥပတိဿ လိုတော့ သောတာပန် မဖြစ်ကြသေးဘူး၊ ရိပ်မိကြပလား၊ ကိုယ်တိုင် ပေါက်ရောက်အောင်ကျင့်မှ သောတာပန်ဖြစ်ကြမှာ

ဒါကြောင့် အခု ပရိသတ်ကြီးကို ခန္ဓာဉာဏ်ရောက်သစ္စာဉာဏ် အလင်းပေါက်နိုင်တဲ့ ဘုရားရှင် ဟောစဉ်ဖြစ်တဲ့ ဒေသနက္ကမ နည်းက ဟောနေတာ၊ ကဲ-သဘောပေါပါနဲ့နာကြပါ။

ကတမံ စေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ဇာတိပိ
ဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊မရဏမ္ပိ ဒုက္ခံ။
အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယော
ဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဗ္ဘတိ တမ္ပိဒုက္ခံ။
သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

အခုဟောလိုက်တဲ့ပါဠိတော်အရ ဒုက္ခသစ္စာသရုပ် ၈-မျိုးကို ဘုရားဟောကြားတော်မူတယ်၊ အဓိပ္ပါယ်မှာ ခန္ဓာ အာယတန တို့ ဖြစ်လာရတဲ့ဇာတိသဘော၊ အိုရတဲ့သဘော၊ နာဖျားရတဲ့ သဘော၊သေကျေပျက်စီးရတဲ့ သဘောများဟာ ချမ်းသာမဖက် ဆင်းရဲသက်သက် ဒုက္ခသစ္စာဘဲ၊ ဒီ့ပြင် မလိုလား မနှစ်သက်တဲ့ သတ္တဝါ သင်္ခါရတို့နှင့် ပေါင်းစပ်ယှဉ်တွဲပြီးနေတာ၊ လိုလားနှစ် သက်တဲ့ သတ္တဝါသင်္ခါရတွေနဲ့ ခွဲခွာ ကွေကွင်းနေရတာ၊လိုလား ချက် မပြည့်ဝတာတွေလဲ ဒုက္ခသစ္စာပါဘဲ။

တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းအချုပ်ကို ဟောရမယ် ဆိုယင် စွဲလမ်းမှု ဥပါဒါန်နှင့်တကွ ဖြစ်နေရတဲ့ ခန္ဓာငါးပါးတို့ဟာ ဆင်းရဲစစ်စစ် အမှန်ဖြစ်တဲ့ ဒုက္ခသစ္စာတွေချည်းပါဘဲ။

အဲဒီဒုက္ခသစ္စာကို ဒေသနက္ကမဟောစဉ်နည်းအရနဲ့ တရားနာ ပရိသတ်များ ပိုင်းခြား ရှုမြင်ကြရမှာက ဇာတိလို့ ဆိုတဲ့ ခန္ဓာ ဖြစ်မှုကို စိတ်ကျတဲ့အခါ ဆင်းရဲတာကို မြင်အောင်ရှု၊ အိုမင်း ရင့်ရော်တဲ့အပေါ်မှာ စိတ်ကျယင်၊ ဖျားနာတဲ့အပေါ်မှာ စိတ်

ကျယင်၊ သေကြေပျက်စီးတာကို စိတ်ရောက်ယင် ဒုက္ခသစ္စာ ဆင်းရဲတာကိုဘဲ မြင်အောင်ရှုကြရမယ်။

မလိုလား မနှစ်သက်တဲ့ သတ္တဝါ သင်္ခါရတွေနဲ့ ပေါင်းစင်ယှဉ်တွဲရတဲ့အခါ လိုလား နှစ်သက်တဲ့ သတ္တဝါ သင်္ခါရတွေနဲ့ ကွေကွင်းခွဲခွာရတဲ့အခါ လိုချင်တာတွေမပြည့်စုံတဲ့ အခိုက်အခါမှာလဲ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှုန့်တွေလို့ စိတ်ကျတဲ့ အာရုံ တိုင်းကို ရှုမြင်ကြရမယ်၊ ဒီရှုကွက်များကတော့ ဆင်းရဲစင်စစ် အမှန်ဖြစ်တဲ့ ဒုက္ခသစ္စာကိုသတ္တဝါတို့ရဲ့ကိုယ်ကာယမှာ ဖြစ်တတ်တဲ့သဘောနဲ့ စပ်ယှဉ်ပြီးဟောတဲ့ ပညတ်ဒုက္ခသစ္စာတွေ ဖြစ်တဲ့အတွက် ယောဂီများရဲ့ရှုကွက်မှာ သိပ်မခက်လှပါဘူး၊ လွယ်ပါတယ်၊ ဒါပေမယ်လို့ မရှုဘဲတော့ မနေရဘူး၊ ရှုရမှာချည်းဘဲလို့ မှတ်ကြပါ၊ အဲဒီလို ရှုပေးနေပါက သံဝေဂဉာဏ် ဖြစ်တယ်၊ ကြပ်ကြပ်မတ်မတ်နဲ့ ဘာတခုကိုမျှ မလွှတ်ရအောင် ရှုဖန်များလာယင် သတ္တဝါရဲ့ကိုယ်ကာယနဲ့ ယှဉ်စပ်ပြီး ဖြစ်နေတဲ့ပညတ် အာရုံကို လွန်ပြီး ယောဂီရဲ့ဉာဏ်မှာဒုက္ခသစ္စာသဘောမျှဖြစ်တဲ့ ပရမတ်ဉာဏ်သန့်ပြီး လာနိုင်ပါတယ်၊ အခုဟောတဲ့နည်းနဲ့ရှုနေလို့မှ ဒုက္ခသစ္စာဉာဏ်ကိုမရသေးယင် အားတော့ မလျှော့ကြပါနဲ့၊ ဝိရိယ,ဉာဏ်,သတိ-ဆိုတဲ့ မဂ်လက်နက်ကောင်းကြီး ၃-ခု ရှိပါတယ် ဒီ ၃-ခုကို လက်နက်ကိုင်ထားပြီးတော့ ဝိရိယက ကြိုးစားအားထုတ်၊ ဉာဏ်က ဒုက္ခသစ္စာကို သိပေး၊ သတိက ခန္ဓာမှာကပ်ထား၊ အဲဒီလိုကြိုးစားကြလို့ရှိယင် ဒုက္ခသစ္စာယှဉ် လွှမ်းမိုးနေတဲ့ ခန္ဓာလောကကြီးကို ဒုက္ခသစ္စာဉာဏ်ဖြင့် ကောင်း ပိုင်းခြားနိုင်ပါတယ်၊ ဒီထက်အရေးကြီးတဲ့ ရှုကွက်ရှိသေးတယ်၊ အဲဒီရှုကွက်ကတော့ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ၊တဲ့

စတုတ္ထအကြိမ်ရိုက်

ဒေသနာစဉ်နဲ့ သစ္စာလေးပါး ရှုတဲ့နည်းကို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကိုပြောရမယ်ဆိုယင်မိမိကိုယ်တိုင်က တဏှာ,ဥပါဒါန်နှင့် ပိုက်ဖက် စွဲယူထားတဲ့ ဥပါဒါနက္ခန္ဓာ-ငါးတို့ဟာ ဆင်းရဲအမှန် ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာပါဘဲ၊ ဒီရှုနည်းမှာ အကြောင်းနဲ့အကျိုး ဆက်စပ်နေတဲ့ခန္ဓာကို ဉာဏ်, သတိကပ်ပြီး အထပ်ထပ်အခါခါ ရှုနေမှသာ ဒုက္ခသစ္စာကို ဝေဘန် ပိုင်းခြားနိုင်ပါတယ်၊ ခန္ဓာ အရှိကိုမသိယင် ဒုက္ခသစ္စာကိုမမိနိုင်ပါဘူး၊ ဒါ့ကြောင့်တရားနာ ပရိသတ်များကို ခန္ဓာဉာဏ်ရောက်ဘို့က အရင်ပြောရလိမ့်မယ်။

ပဉ္စက္ခန္ဓာ

ရူပက္ခန္ဓော, ဝေဒနက္ခန္ဓော, သညက္ခန္ဓော,
သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓောသို့ ခန္ဓဝဂ္ဂ သံယုတ်ပါဠိ တော်မှာ ဘုရားရှင်ဟောတော်မူတယ်။

ပဉ္စက္ခန္ဓာ=ခန္ဓာငါးပါးတို့သည်၊ ရူပက္ခန္ဓော= ဖေါက်ပြန်သော ရုပ်အစုရင်း၊ ဝေဒနက္ခန္ဓော= ခံစားမှုသဘော အစုရင်း၊ သညက္ခန္ဓော= မှတ်သားမှုအစုရင်း၊ သင်္ခါရက္ခန္ဓော = ပြုပြင်မှု အစုရင်း၊ ဝိညာဏက္ခန္ဓော = သိမှုအစုရင်း၊ အဲဒီငါးပါးတို့ဟာ ခန္ဓာမှာရှိတဲ့ သဘာဝတွေဘဲ၊အဲဒီသဘာဝ တရားတွေ အချင်းချင်း အကြောင်းနဲ့ အကျိုး ဆက်စပ်နေတဲ့ ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်-ပျက်နေတဲ့ ပင်ကိုအတိုင်း သိလို့ရှိရင် ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်ယင် ခန္ဓာမှာဘဲ ဒုက္ခသစ္စာဉာဏ်နဲ့ ဆက်ပြီး ပိုင်ပိုင်နိုင်နိုင်ကြီးရှုနိုင်ကြပါလိမ့်မယ်၊ဒါ့ကြောင့် ယခု-ဥပါဒါနက္ခန္ဓာရဲ့ သရုပ်ကို ပဌမဆုတ်ပြီး ပြောပါတယ်။

## ဥပါဒါနက္ခန္ဓာဆိုတာ ဘာလဲ

သုံးဆယ့် နှစ်ကောဋ္ဌာသတို့နဲ့ ဝေဘန် ပိုင်း ခြား ထား တဲ့

ဒီ တလန့်မျှရှိတဲ့ ကိုယ်အစုကြီးဟာ ဖေါက်ပြန် ပျက်စီးခြင်း သဘောရှိတဲ့ ရုပ်လို့မှတ်ပါ၊ ဒါက ပညတ်နည်း ဓာတ်သဘာဝ နည်းနဲ့ဆိုယင် ဒီခန္ဓာမှာ မြေ, ရေ, မီး, လေ-ဆိုတဲ့ မဟာဘူတ ရုပ် ဓာတ်ကြီးလေးပါးနှင့်ဓာတ်ကြီးလေးပါးကိုစွဲကပ် မှီတွယ်ပြီး ဖြစ်ကြတဲ့ စက္ခုပသာဒ အကြည်ရုပ်၊ နားပသာဒ အကြည်ရုပ်၊ နှာခေါင်းပသာဒ, ဇိဝှာပသာဒ, ကာယပသာဒဆိုတဲ့ ဓာတ်မှန် ရုပ် ၅-ပါး၊ အဆင်း,အသံ,အနံ့,,အရသာ,အထိ, အတွေ့ဆိုတဲ့ အာရုံဓာတ် ၅-ပါး၊ ဣတ္ထိဘာဝပုမ္ဘာဝဆိုတဲ့ ဘာဝရုပ် ၂-ပါး ဒီပြင်ဇီဝိတဆိုတဲ့ ကိုယ်စောင့်ရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ဒီရုပ်များဟာလဲ ဖေါက်ပြန် ပျက်စီးနေတဲ့ ရုပ်လို့ မှတ်ကြရ မယ်၊ အလုပ်သဘောနဲ့ ပြောရမယ်ဆိုယင် ဒီရုပ်တွေကို အကုန် သိမှမဟုတ်ပါဘူး၊ ခန္ဓာမှာ ထင်ရှားပေါ်လာတဲ့ ရုပ်သဘာဝ တခုခုကို သဲသဲမဲမဲနဲ့ရှုယင်လဲ ဖြစ်ပါတယ်။

ဝေဒနာဆိုတာ ဒီ-ခန္ဓာမှာရှိတဲ့ ခံစားမှုသဘောဘဲ၊ ဘယ် သဘောလဲဆိုယင် အာရုံရဲ့ အရသာကို ချမ်းသာတဲ့အနေဆင်း ရဲတဲ့အနေ လျစ်လျူရှုတဲ့အနေနဲ့ ခံစားတဲ့သဘောမျှကိုဝေဒနာ လို့ သိကြရမယ်၊ ဝေဒက္ခန္ဓာလို့လဲ မှတ်နိုင်ပါတယ်။

သညာဆိုတာက အဖြူ-အနီစတဲ့ မှတ်စရာတွေရှိသမျှ အမှတ် အသားပြုတဲ့ သဘောကိုသညာ, သညက္ခန္ဓာလို့သိကြရမယ်။

စေတနာဆိုတာကတော့ ခန္ဓာမှာ စေ့ဆော်မှု အမျိုးမျိုး ပြုပြင်မှုအမျိုးမျိုးကို သင်္ခါရ သင်္ခါရက္ခန္ဓာလို့သိကြရမယ်။

ဝိညာဏ်ဆိုတာ မြင်တာ,ကြားတာ,နံတာ,စားတာ, ထိတာ, ကြံစီတာများကိုသိတဲ့သဘောအစုဟာဝိညာဏ်,ဝိညာဏက္ခန္ဓာလို့ မှတ်ကြရမယ်လို့ ဘုရားရှင် ဟောတော်မူခဲ့တယ်။ ဒီအတိုင်း

တရားနာပရိသတ်များက ခန္ဓာအရှိကို ဉာဏ်နဲ့ သိကြလို့ရှိရင် ဒိဋ္ဌိ,ဝိစိကိစ္ဆာ ယုံမှားမှုကြီးဟာ ခန္ဓာမှာ ဉာဏ်သိတာနဲ့ ချုပ်ပျောက်သွားပါတယ်၊ ဒီလိုခန္ဓာအရှိက ဉာဏ်မမိကြတော့ ရုပ်ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာကို ကာမနဲ့စွဲတဲ့ ကာမုပါဒါန်၊ ယူမှားနဲ့စွဲတဲ့ ဒိဋ္ဌုပါဒါန်, အတ္တနဲ့စွဲတဲ့အတ္တဝါဒုပါဒါန် ဒီအစွဲတွေနဲ့ စွဲယူသိမ်းပိုက်ပြီးနေကြတဲ့အတွက် ဉပါဒါနက္ခန္ဓာဘဲ ဘဝဆက်တိုင်း ဖြစ်နေကြရမယ်၊ အဲဒီ ဉပါဒါနက္ခန္ဓာကို အနုပါဒါနက္ခန္ဓာဖြစ်အောင် မလုပ်နိုင်ကြသမျှ ဒုက္ခဝဋ်က မလွတ်နိုင်ကြပါဘူး။

ဒါကြောင့် အခုဒေသနာ ဟောစဉ်နည်းနဲ့ သစ္စာကို သိဘို့အလုပ်ဟာ ခန္ဓာရဲ့ သရုပ်-သဘောကိုမသိရင် သဘာဝဒုက္ခသစ္စာကို သိမြင်နိုင်ဘို့ ခက်ပါတယ်၊ ဒီလိုအပင်ပန်းခံပြီး ဟောနေရတာက တရားနာနေကြတဲ့ ပါရမီရှင်များကို ယခုကာယ်မေတ္တာနဲ့ သစ္စာဉာဏ် ပွင့်ကြပါစေလို့ ဆိုတဲ့ စေတနာနဲ့ ဟောပါတယ်၊ ဒါကြောင့် ခန္ဓာမှာ ဉပါဒါန်လို့ ရုပ်ကစပြီးမှတ်ကြပါ၊ ဒီမှာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြည့်ပါ၊အဲဒီစက်ဝိုင်းကြီးဟာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီး ရေးသားစီရင်ပြီးဟောကြားတော်မူခဲ့တဲ့ စက်ဝိုင်းကြီးဖြစ်ပါတယ်၊ ဒီစက်ဝိုင်းမှာ ခန္ဓာကြောင့် ဖြစ်တာဘဲလို့ ဆိုရင် ခန္ဓာဟာအဝိဇ္ဇာနဲ့ သင်္ခါရကြောင့်ဖြစ်တယ်လို့ ပြထားပါတယ်။ဒီအချက်ကိုရှင်းပြရမယ်လို့ ဆိုယင် အဝိဇ္ဇာကသစ္စာလေးပါးကိုမသိတာ၊သင်္ခါရဆိုတာက ပြုလုပ်တာ ဒီ ၂-ခုဟာ လွန်လေပြီးတဲ့အတိတ်ကာလလို့ မှတ်၊ အဲဒီ အတိတ်ကာလ အဝိဇ္ဇာက ဦးစီးဦးကိုင် အဖြစ်နဲ့ ခင်ဗျားတို့ကျုပ်တို့အပေါ်မှာအုပ်ချုပ်ပြီးဘဝကို အကျိုးပေးတဲ့

စတုတ္ထအကြိမ်ရိုက်

စေတနာတွေနဲ့ ကံအမျိုးတွေကို ပြုလုပ်ခဲ့ကြလို့ ယခုပစ္စုပ္ပန်ကာလမှာ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ ဥပါဒါန်,ဘဝဆိုတဲ့ ပစ္စုပ္ပန်ကာလမှာ အကျိုးတရား ၈-ပါး လာပြီးဖြစ်ကြရတယ်၊ ကဲ-ဒါဖြင့်ရင် ဒီပဋိစ္စသမုပ္ပန္နဓမ္မကိုဉာဏ်နဲ့ ကြည့်လိုက်ကြပါ၊ အဝိဇ္ဇာ, သင်္ခါရက အကြောင်းခံတရား ပဋိသန္ဓေဝိညာဏ်ကစပြီးဘဝအထိ ဒီ ၈-ပါးက အကျိုးတရား, မျှဖြစ်တယ်။ အဲဒီအကြောင်းအကျိုး တရားထဲမှာ အဝိဇ္ဇာဟာ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ရဲ့လား၊ အတ္တ,အတ္တနိယ, ငါ- ငါ့ဥစ္စာလို့ ကော ဆိုနိုင်ပါသလား.... (မဆိုနိုင်ပါ) ဒါဖြင့် ဒီ- သင်္ခါရဆိုတဲ့ ပြုလုပ်မှုစေတနာကံထဲမှာကော ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝများ ပါသလား-မပါဘူး၊ ဒါဖြင့် ခန္ဓာကိုဖြစ်စေတဲ့ အကြောင်း တရားထဲမှာမှ ပုဂ္ဂိုလ်သတ္တဝါ မပါခဲ့လို့ရှိယင် သူ့အကြောင်း ကြောင့်ဖြစ်ရတဲ့ ဝိညာဏ်ကစ, ဘဝအထိ ဒီပစ္စုပ္ပန် အကျိုး တရား ၈-ပါးထဲမှာကော၊ ငါ-သူတပါး မိန်းမ ယောကျ်ား ဆိုတာတွေ ပါများပါနေကြအုံးမှာလား ...( မပါဘူး )ပါချင် ရင် အိမ်ကျမှပါကြ ဒီမှာမပါဘူး။ ဒါဖြင့် ဒီခန္ဓာဟာဖြစ်စရာ အကြောင်းရှိလို့ အကျိုးတရား ခန္ဓာငါးပါး ဖြစ်နေတယ် ဆို တာ သေချာပြီ မဟုတ်လား- ဟုတ်ပါတယ်၊ ကဲ- ဟုတ်လို့ရှိရင် အခု ပစ္စုပ္ပန်ကာလမှာအကျိုးတရားဖြစ်ပြီးပေါ်လာတဲ့ဝိညာဏ် အစ, ဘဝအထိ ဒီ ၈-ပါးထဲမှာ ခန္ဓာ ငါးပါးဆိုတာ ကျန် များနေသလားလို့မေးရင် မကျန်တော့ဘူး။

ဒီ-ပစ္စုပ္ပန်ကာလကိုကြည့် ဝိညာဏ်ကြောင့် သူ့နောက်က ဘာလဲ၊ နာမ်ရုပ်၊ သူ့နောက်က သဠာယတန, သူ့နောက် ဖဿ, သူ့နောက်ဝေဒနာတဲ့။

အခုဟောနေတာဟာ ဖဿပစ္စယ ခန္ဓာကိုဟောနေပါတယ်၊ ဒါကြောင့် ဖဿကြောင့် ဝေဒနာဖြစ်ရင် ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ သညာ၊ စေတနာ၊ စိတ်ဆိုတာတွေဟာ မဖြစ်အောင်တားလို့ရကြမလား - မရဘူး၊ ဒါကြောင့် ဒီခန္ဓာဟာ ဖြစ်ယင် ဖဿလျှင် ၅- ခုမြောက်တဲ့ ဖဿပစ္စယ ခန္ဓာငါးပါးဖြစ်ပွားလာတာဘဲလို့ ဆိုတာကို သဘောပေါက်မှ ခန္ဓာဉာဏ်ရောက်တယ်၊ ဒီလိုရောက်မှ ခန္ဓာမှာရှိတဲ့ သစ္စာလေးပါးတို့ကို ပိုင်းခြားသိမြင်နိုင်ကြမယ်။

ဒါကြောင့် အပင်ပမ်းခံပြီး ဟောနေတာ၊ သိပ်တော့မလွယ်ပါဘူး၊ အတော်ကိုနက်နဲတဲ့ တရားဖြစ်ပါတယ်၊ ဒါပေမယ်လို့ ခန္ဓာရဲ့ ပင်ကိုယ်သဘာဝကို ဉာဏ်အရောက် ပို့ပေးတဲ့အတွက် အရေးကြီးတဲ့အချက်ဖြစ်လို့ ကြိုးစားပြီးနာကြပါ၊ အခု ဟောနေတဲ့ ဖဿပစ္စယ ခန္ဓာငါးပါး တဖွားဖွားနဲ့ ဖြစ်တိုင်းဖြစ်တိုင်း ပင်ကိုယ်သဘာဝကို မသိကြလို့ရှိယင် ခန္ဓာကို သူဘဲ- ငါဘဲလို့ အမြင်လွဲတဲ့ ဒိဋ္ဌုပါဒါန် ကာမစွဲ-စွဲတဲ့ ကာမုပါဒါန်ဆိုတာတွေ စွဲမလာကြဘူးလား- စွဲတယ်၊ အဲဒီလို စွဲယူတဲ့ အတွက်ကြောင့် ဥပါဒါနက္ခန္ဓာလို့ ဘုရားရှင်ဟောတော်မူတယ်။

အဲဒီအစွဲကို ပြုတ်အောင် ဖြုတ်ရာမှာ မဖြုတ်နိုင်ကြလို့ရှိယင် ဥပါဒါနပစ္စယာ ဘဝေါလို့ ဆိုတဲ့အတိုင်း အားထုတ်မှုကမ္မဘဝလာပြန်တာဘဲ၊ ဒီလိုလာပြန်ယင် တရားနာပရိသတ်တွေ အနာဂတ် ကာလမှာ ဇာတိ ဇရာ မရဏဆိုတဲ့ ဒုက္ခသစ္စာဘဲပြန်ရကြမှာဘဲ၊ ဒီဘဝနဲ့ ဇာတိအစပ်က မဂ်ဉာဏ်ကို ကောင်း ရမှ ပြတ်မှာ၊ မရယင် မပြတ်ဘူး၊သိပ်ကြောက်စရာကောင်းပါတယ်၊ မဂ်ဉာဏ်ရဘို့ဆိုတာကလဲ သစ္စာသိရပါတယ်။

ဒါကြောင့် တရားနာ ပရိသတ်တို့.... သစ္စာက ခန္ဓာမှာကြည့်ရတာ ခန္ဓာမှာ သိရတာ၊ ခန္ဓာမှာ သစ္စာသိမြင်မှုနိဗ္ဗာန်ဝင်မှာ၊ ဒီ့အတွက် ခန္ဓာရဲ့ သဘာဝဖြစ်စဉ်ကို ဟောနေရတာ၊ ကဲ.... ခန္ဓာကို ဉာဏ် လှည့် ကြ၊ ခန္ဓာမှာရှိတဲ့ ရုပ်၏ သဘာဝကို အကြောင်း အကျိုးဆက်ပြီး ပစ္စုပ္ပန်ကျကျ ဟောမယ်၊ သတိပြုကြပါ။

တရားနာပရိသတ်တို့ .... ဒီတလန်မျှရှိတဲ့ ကိုယ်အစုမှာ ရုပ်-ဆိုတာ ဝိညာဏ်ကြောင့်ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကို ကြည့်ပါ။

ဝိညာဏပစ္စယာ နာမရူပံ၊ ရုပ်ဟာဝိညာဏ်ကြောင့်ဖြစ်တယ်ဆိုတာ သေချာပလား၊ သူ့အကြောင်းနဲ့ သူ့အကျိုးဘဲနော်၊ ဘယ်သူကမှ လုပ်ပေးတာမဟုတ်ဘူး၊ ဒါဖြင့်ယင် အဲဒီ ဝိညာဏ်ကကော ဘာကြောင့်ဖြစ်သလဲ.... ( စက်ဝိုင်းကြည့် ) သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ်ဟာ သင်္ခါရကြောင့် ဖြစ်တယ်၊ သဘောပေါက်ရဲ့လား၊ ဒါလဲ သူ့အကြောင်းနဲ့ သူ့အကျိုးဘဲမဟုတ်လား၊နာမ်ရုပ်ဆိုတာကကော ဝိညာဏ်ကြောင့် ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် ရှေ့ကို ဘာဆက်ဖြစ်သလဲ ဆိုယင် ဟောဒီ စက်ဝိုင်းမှာကြည့်ပါ။

ဖဿ....တဲ့၊ အဲဒီဖဿကြောင့် ဝေဒနာ, သညာ, စေတနာ စိတ်-ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါး၊ ဒုက္ခသစ္စာလို့မှတ်၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ဆိုယင် ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ,ဇရာ, မရဏ၊ ဒါက ပဋိစ္စသမုပ္ပါဒ် လှည့်နည်းလို့မှတ်၊ ကဲ....ဒီထက်သဘောပေါက်အောင် ပစ္စုပ္ပန်ကျကျနဲ့ ဟောလိုက်

ပါအုံးမယ်၊ ဝိညာဏ်ဟာ ဘာကြောင့် ဖြစ်တာလဲလို့ မေးယင် ရုပ်-ဆိုတဲ့ အာရုံကြောင့်ဖြစ်တယ်လို့မှတ်လိုက်ကြစမ်းပါ။

ဘယ်လိုဖြစ်သလဲ၊ ကိုယ်က မျက်စိပသာဒရုပ်နဲ့ အပြင်က အဆင်းရုပ် ၂-ခုတိုက်တဲ့အခါ စက္ခုဝိညာဏ်ဆိုတာ ဖြတ်ကနဲ ပေါ်လာပါတယ်၊ အဲဒီ စက္ခုဝိညာဏ်ကလေး နဂိုရကမျက်စိ ထဲမှာရှိနေတာ ပေါ်လာတာဘဲလို့ ဒိလိုများ မယူလိုက်ပါနဲ့၊ ယူမိယင် သဿတဒိဋ္ဌိဖြစ်တယ်၊ ဒီ့ပြင်ပေါ်နေတာ ထင်ရှား နေလို့ မရှိလို့များ ယူကြမလား၊ မယူကြနဲ့၊ ယူမှားမိယင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ ဒီ့ပြင် ဒီစက္ခုဝိညာဏ်ဟာ ရှိတယ်လို့လဲ မယူဘူး၊ မရှိလို့လဲမယူဘူး၊ ဒိဋ္ဌိလွတ်အောင်ဆိုပြီး မရှိတရှိလို့ ယူပြန်တော့လဲ မပြတ်တပြတ်ယူမှားတဲ့ အမရာဝိက္ခေပ ဒိဋ္ဌိဖြစ် သတဲ့၊ တယ်လဲခက်ပါလား၊ ကဲ.... ဒါဖြင့်ယင် အဲဒီဒိဋ္ဌိ ၃-မျိုး စလုံးလွတ်အောင် ဘယ်လိုယူကြမလဲ၊ ဖြစ်စရာ အကြောင်းရှိလို့ ဖြစ်ပေါ်တဲ့အကျိုး ဒုက္ခသစ္စာဘဲလို့ ဒီလိုဉာဏ်နဲ့သိလိုက်ကြပါ၊ ဒီအတိုင်း ခန္ဓာအရှိကိုအမှန်သိယင် ဒိဋ္ဌိပါဒါန်ပြုတ်ပြီလို့ဆိုတာ ယုံယုံကြည်ကြည်နဲ့သေသေချာချာမှတ်လိုက်ကြစမ်းပါ။

ဒါကြောင့် ခန္ဓာဉာဏ်ဝင် ဒိဋ္ဌိစင်၊ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပျောက်-ဆိုတဲ့စကားအတိုင်း ခန္ဓာမှာ ရုပ်ပေါ်ယင်ရုပ်သဘာဝ ကိုသိ၊ ဖြစ်ပျက်မြင်အောင်ရှုကြ၊ ဝေဒနာပေါ်ယင် ဝေဒနာ သဘာဝကိုသိ၊ ဖြစ်ပျက်ဉာဏ် လိုက်ရှုပေး၊ သညာပေါ်ယင် သညာသဘာဝကိုသိ၊ ဖြစ်ပျက်မြင်အောင်ရှု၊ စေတနာ သင်္ခါရ ပေါ်ယင် သူ့ရဲ့သဘာဝအတိုင်းသိပေး၊နောက်ကဖြစ်ပျက်လိုက် ရှု၊စိတ်ပေါ်ယင် စိတ်ရဲ့သဘာဝအတိုင်းသိ ဖြစ်ပျက် လိုက်ရှု၊ အဲဒီလို ခန္ဓာနည်းနဲ့လဲ ပေါ်ဆဲပေါ်ခိုက်မှာဖြစ်ဆဲဖြစ်ခိုက် ခဏ

စတုတ္ထအကြိမ်ရိုက်

များမှာ ဝိရိယ-ဉာဏ်-သတိ-လက်ရှိနဲ့ ပစ္စုပ္ပန်ကျကျ မိမိရရ သိသိပြီးတော့ ဖြစ်ပျက်- ဖြစ်ပျက်ဆိုတဲ့ ဉာဏ်နဲ့ ရှုရှုပေးနေကြရမယ်၊ အဲဒီ ဖြစ်ပျက်ဉာဏ် ရင့်သန်လာတာနဲ့ ယောဂီမှာ ခန္ဓာငါးပါး ဒုက္ခသစ္စဉာဏ်ကို ရတော့တာဘဲ၊ ရှင်းကြပလား .... (ရှင်းပါတယ်)။

ကဲ....ဒီထက်ရှင်းအောင် ဟောပါအုံးမယ်၊ ဥပါဒါနက္ခန္ဓာကို ဖြစ်ပျက် ဒုက္ခသစ္စာရှုတဲ့နည်းမှာ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ,မနလို့ဆိုတဲ့ ခြောက်တံခါးတို့၌ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ,ဓမ္မ-ဆိုတဲ့ ခြောက်အာရုံတို့ဟာ သူ့ဒွါရနဲ့ သူ့အာရုံ တိုက်ဆိုတိုင်း တိုက်ဆိုတိုင်းမှာလဲ ဖဿပဉ္စက ခန္ဓာ ၅-ပါး တွေဘဲ တဖွားဖွားဖြစ်နေကြပါတယ်၊ ဒီခန္ဓာတွေ ပေါ်တိုင်း ပေါ်တိုင်း မရှုမိကြလို့ရှိယင် ခန္ဓာကိုပင် သူထင်ငါထင်တဏှာ ဥပါဒါန်တွေ ပူးဝင်ပြီး ခန္ဓာအစဉ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးဟာ လည်ကြပြန်တာဘဲတဲ့၊ အဲဒီ ခန္ဓာပဋိစ္စသမုပ္ပါဒ် ရပ်သွားဖို့အလုပ်ကတော့ ခြောက်တံခါးမှ ဖြစ်ပွားလာကြတဲ့ လောကီ- ဥပါဒါနက္ခန္ဓာ တွေဟာ ဘယ်နေရာ ဘယ်တံခါးက ပေါ်ပေါ် သတိမလွတ်ဖမ်းပြီး အတ္တ,အတ္တနိယပုဂ္ဂလ, သတ္တဇီဝ ဆိုတဲ့အယူတွေ ပျောက်ကွယ်သွားအောင် ပေါ်လာတဲ့ လောကီ ခန္ဓာ နာမ်-ရုပ်တွေကို အဆက်မပြတ်သိသိပေးး နောက်ကဖြစ်ပျက်-ဖြစ်ပျက်လို့ ချက်စ်လက်စိနဲ့ ရှုရှုပေး၊ ဒီဖြစ်ပျက်ဉာဏ် ရင့်သန်တာနဲ့ ယောဂီမှာ ဒုက္ခသစ္စာဉာဏ် ပေါ်လာတာဘဲ၊ အဲဒီဉာဏ်ဟာ ဒုက္ခေဉာဏံအရ ဒုက္ခသစ္စာကို အမှန်အတိုင်း ပိုင်းခြားပြီးသိတဲ့ ဝိဇ္ဇာဉာဏ်ကို ရပြီလို့မှတ်ကြပါ။

## သစ္စာလေးချက် တပြိုင်နက်ပေါ်ပုံ

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့.... ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ဖြတ်ပြီး အရိယာ သူစင်-သူမြတ် ဖြစ်လာတဲ့ သောတာပန်ဟာ သစ္စာလေးချက်တပြိုင်နက်ပေါ်ပြီးတချက်ထဲ သိတယ်လို့ ဆိုတာကို သေသေချာချာ မှတ်လိုက်ကြစမ်းပါ၊ ဒီအချက်ဟာ ပါးစပ်အပြောနဲ့မဖြစ်ဘူး၊ သစ္စာကိုပွားတဲ့အလုပ်လက်ရှိဖြစ်နေမှ သစ္စာလေးချက်ကို တပြိုင်နက် သိပါတယ်၊ဒါကြောင့် ယောဂီက အခုဟာခဲ့တဲ့ လောကီ ခန္ဓာငါးပါးတို့ ဖြစ်တိုင်း ဖြစ်တိုင်း သိသိပြီးတော့ ဖြစ်ပျက် ဒုက္ခသစ္စာ- ဖြစ်ပျက်ဒုက္ခသစ္စာလို့ ရှုမြင်နေတဲ့အခါမှာ ခန္ဓာ ဒုက္ခသစ္စာကို ဉာဏ်နဲ့ ယှဉ်ပြီး အားထုတ်နေတာက အမှန်ကို လုံ့လပြုနေတဲ့သမ္မာဝါယမမဂ် လက်နက်လို့မှတ်၊ပေါ်လာတဲ့ ခန္ဓာကို အစဉ် သတိပြုနေတာက သမ္မာသတိလို့မှတ်၊ပေါ်လာတဲ့ ခန္ဓာအစဉ်မှာတည်တည်နေတာက သမ္မာသမာဓိမဂ် လက်နက်လို့မှတ်၊ ဝိပဿနာသမာဓိလို့လဲ မှတ်နိုင်ပါတယ်၊ ဒီမဂ်လက်နက် ၃-ခုကို လက်ကိုင်ပြုပြီးတော့ သစ္စာကို ရှုနေတဲ့ယောဂီမှာ သစ္စာဉာဏ်ရဘို့ အလုပ်ကိုသာ အားထုတ်နေရတဲ့ အတွက် မိစ္ဆာဝါစာ, မိစ္ဆာအာဇီဝများကို လွန်ကြူးပြုလုပ်ခွင့်မရှိတဲ့အတွက် သမ္မာဝါစာ သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဆိုတဲ့ သီလမဂ် လက်နက် ၃-ခုတို့ကိုလဲ စွဲကိုင်ပြီးနေပါတယ်၊ ဒီလိုဖြစ်နေတဲ့ ယောဂီသန္တာန်မှာ လွန်ကြူးတဲ့ ဝိတိက္ကမကိလေသာကို သီလလက်နက်က ပယ်သတ်ထားတယ်၊ စိတ်ထဲမှာ ထကြွတဲ့ ပရိယုဋ္ဌာန ကိလေသာကို သမာဓိလက်နက်က ပယ်သတ်ထားပါတယ်၊ ပေါ်လာတဲ့ ဒုက္ခသစ္စာ ခန္ဓာနာမ်ရုပ်ကို ဒုက္ခသစ္စာလို့ အမှန်ကြံပြီးတော့ ဒီဒုက္ခ

စတုတ္ထအကြိမ်ရိုက်

သစ္စာဟာ မိမိကိုယ်တိုင်ကဘဲ မရအရလိုချင်တဲ့ သမုဒယသစ္စာကြောင့် ဒီဒုက္ခသစ္စာ၏ အကြောင်းခံကို အမှန် ကြံစည်နေတာက သမ္မာသင်္ကပ္ပမဂ် လက်နက်နဲ့ဘဲ ဖြစ်ချင်တဲ့ သမုဒယသစ္စာကို မသေမချင်း အကြွင်းမရှိ ယတိပြတ် ပယ်သတ်လိုက်၊ ဒါဟာလဲ သမ္မာသင်္ကပ္ပ မဂ်လက်နက်လို့မှတ်၊ ဒီသမ္မာသင်္ကပ္ပ လက်နက်လို့ဘဲမှတ်၊ ဒီလိုပယ်သတ်လို့ဖြစ်ချင်တဲ့သမုဒယသစ္စာ တဏှာငြိမ်းအေးသွားတာက နိရောဓသစ္စာလို့မှတ်၊ ငြိမ်းပြီ၊ အေးပြီ၊ လွတ်ပြီ-ကျွတ်ပြီလို့ သိတာက မဂ္ဂသစ္စာလို့မှတ်ကြ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ အခုဟောတာက အရိယာအစစ် သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သစ္စာဉာဏ် ၄-ချက် တပြိုင်နက်ဖြစ်ပုံပါဘဲလို့မှတ်ကြ။

ဆောင်ပုဒ်

သိ့ပယ််ဆိုက်ပွား၊ လေးပါးသစ္စာ၊
အရိယာစစ်၊ တပြိုင်နက်ဖြစ်တာ၊
ဗုဒ္ဓရှင်စော၊ မိန့်ဟောသချာ၊
လူရှင်များ-မှတ်သားစေဘို့ရာ။ ။

ဒီဆောင်ပုဒ်အရ ခန္ဓာမှာရှိတဲ့ သစ္စာလေးပါကို အရိယာအစစ်ဖြစ်တဲ့ သောတာပန်ဟာ အသမ္မောဟ သမ္ပဇဉ်ဉာဏ်နဲ့ ကေန် အမှန်တပြိုင်နက်သိပါတယ်၊ ခန္ဓာမှာ သစ္စာကိုသိမြင်တဲ့ အလုပ်ကိုသာ ကြိုးစားအားထုတ်လို့ရှိယင် သစ္စာကို သိမြင်တဲ့ အရေးကို ဘယ်သူ့ကိုမှ မေးစရာမရှိပါဘူး၊ သန္ဒိဋ္ဌိက ဆိုတဲ့ တရားတော်ဂုဏ်အတိုင်း ကိုယ်တိုင်ဒိဋ္ဌသိကြရပါတယ် ဆိုတာကို သေသေချာချာ ယုံကြည်လိုက်ကြပါ၊ ဒါ့ကြောင့် .... ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှာ....

စတုတ္ထအကြိမ်ရိုက်

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ၊ ဉာဏံ ဟောတိ....တဲ့။

ဒီအဓိပ္ပါယ်က အို....ချစ်သားတို့-ယောဂီတို့.... ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်-ဆိုတဲ့ ခန္ဓာငါးပါးတို့ကို ဝိပဿနာနဲ့ မမြဲ-ဆင်းရဲ-အစိုးမရတဲ့ ဖြစ်ပျက် ဒုက္ခသစ္စာဘဲလို့ ရှုမြင်နေတဲ့ ယောဂီဟာ ရုပ်ပေါ်မှာလဲ ငြီးငွေ့လာတယ်၊ ခံစားမှု ဝေဒနာပေါ်မှာလဲ ငြီးငွေ့လာတယ်၊ မှတ်သားမှု သညာပေါ်မှာလဲ ငြီးငွေ့လာတယ်၊ပြုပြင်မှု သင်္ခါရတို့ရဲ့ အပေါ်မှာလဲ ငြီးငွေ့လာတယ်၊ ဝိညာဏ်ရဲ့အပေါ်မှာလဲ ငြီးငွေ့လာပါတယ်တဲ့၊ ငြီးငွေ့တယ်ဆိုတာက ခန္ဓာနဲ့နေရတာကိုဘဲ မပျော်မွေ့တော့ဘူးတဲ့၊ ဒီလို ငြီးငွေ့လာတာ အမှန်ဖြစ်တော့ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ= ခန္ဓာပေါ်မှာ တပ်မက်မှု, သမုဒယသစ္စာ ကင်းပြတ်တဲ့ အရိယာအဖြစ်သို့ ရောက်သွားတယ်လို့ ဆိုပါတယ်၊ ဒီလို တပ်မက်ခြင်းကင်းတဲ့ အရိယာအဖြစ်သို့ရောက်ယင်ဝိရာဂါ ဝိမုစ္စတိ=ကိလေသာလွတ်တဲ့ ဖိုလ်ဉာဏ်ကိုလဲ ရောက်သွားပြီတဲ့၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ=မိမိကိုယ်တိုင် ကိလေသာမှ လွတ်မြောက်ဘာကို ငါ ကိလေသာမှ လွတ်ပြီလို့ သိတဲ့ ပစ္စဝေက္ခဏာဉာဏ်ဟာ ဖြစ်ပေါ်လာပါတယ်တဲ့။

ဒီလို ဘုရားရှင်က ဟောတော်မူတဲ့အတွက် ကိုယ်တိုင် ခန္ဓာငါးပါး ဖြစ်ပျက်-ဒုက္ခသစ္စာတရားကိုသိလို့ သောတာပန်ဖြစ်ပြီး သောတာပန်ပယ်တဲ့ ကိလေသာငြိမ်းတာကို ကိုယ်တိုင် သိပါ

စတုတ္ထအကြိမ်ရိုက်

တယ်၊ ဒီပြင်သကဒါဂါမ်၊ အနာဂါမ် ရဟန္တာများလဲ ခန္ဓာမှာ ကိလေသာမှုလွတ်ပြီး လွတ်မြောက်သွားတာကို ကိုယ်တိုင်ပင် သိတော်မူကြပါတယ်ဆိုတာကို တရားနာပရိသတ်များ ယုံကြည် ကိုးစားလောက်တဲ့ ဘုရားဟောဒေသနာ အထောက်အထားနဲ့ ဟောလိုက်ပါတယ်၊ အခုဟောပြီးတဲ့ ဒေသနက္ကမဟောစဉ် မဂ် ပွားနည်းဟာ သစ္စာလေးပါးကိုသိတဲ့ ဝိဇ္ဇာဉာဏ်ကို လက်ကိုင် ထားပြီးတော့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ရဲ့ဘဝနဲ့ဇာတိအစပ်ကို ဖြတ်တဲ့ လမ်းလို့ ဆိုနိုင်ပါတယ်၊ ဝေဒနာနဲ့ တဏှာအစပ်၊ သင်္ခါရနဲ့ ဝိညာဏ်အစပ်များကိုလဲတပါထဲ ဖြတ်ပြီး ဖြစ်သွားတယ်ဆိုတာ ကိုလဲ သဘောပေါက်ကြပါ။

ကဲ....တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့မှာ ယနေ့ကစပြီး ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ကို ဒီဟောစဉ်နည်းအရ အားထုတ်လို့ ရအပ်တဲ့ ဝိပဿနာဉာဏ်၊ သစ္စာဉာဏ်၊ မဂ်ဉာဏ် တို့နဲ့ အမြန်ဆုံးဖြတ်နိုင်ကြပါစေကုန်။ ။

## ပဋိပတ္တိက္ကမမဂ် သစ္စာပွားနည်း

# အလုပ်ပေးတရား

ပဋိပတ္တိက္ကမမဂ် သစ္စာပွားနည်း အလုပ်ပေးတရားကို ဟော ပါမယ်၊ ဒီနည်းကို ကျင့်စဉ်နည်းလို့ ဆိုတာ သေသေ ချာချာ မှတ်ကြပါ၊ ဒီကျင့်စဉ်မှာ သီလကို စင်ကြယ်အောင် စောင့်ထိန်း မှုက စလုပ်ရမယ်၊ သီလကင်းမဲ့လို့မရဘူး၊ ဒါကြောင့် အာဒိ ဗြဟ္မစရိယလို့ဆိုတဲ့ အစရှိကောင်းခြင်း၊ မြင့်မြတ်တဲ့ ကိုယ်ကျင့် သီလကို ခိုင်လုံ စင်ကြယ်အောင် အသက်မွေး ဝမ်းကျောင်း ကောင်းခြင်း အဝင်အပါ ၈-ခုမြောက်ဖြစ်တဲ့ အာဇီဝဋ္ဌမက သီလလက်ရှိဖြစ်နေရမယ်၊ ဒီသီလမှာ....

၁။ ပါဏာတိပါတာ ဝိရတီ-သတ္တဝါရဲ့အသက်ကို သတ် ခြင်းမှ ရှောင်ရမယ်။

၂။ အဒိန္နာဒါန ဝိရတီ - သူတပါးဥစ္စာကို ခိုးခြင်းမှ ရှောင်ရမယ်။

၃။ ကာမေသုမိစ္ဆာစာရ ဝိရတီ-လင်ရှိမယား၊ မယားရှိ လင်တို့နဲ့ မှားယွင်းတဲ့ မေထုန်ကျင့်ခြင်းမှ ရှောင် ရမယ်၊ ဒီသုံးပါးဟာ ကိုယ်နဲ့စပ်ပြီး ရှောင်ရတာ ဖြစ်လို့ ကာယဒုစရိုက်လို့မှတ်။

၄။ မုသာဝါဒ ဝိရတီ-မမှန်တဲ့စကားပြောခြင်းမှ ရှောင် ရမယ်။

၅။ ပိသုဏာဝါစာဝိရတီ-ကုန်းတိုက်တဲ့စကားပြောခြင်းမှ ရှောင်ရမယ်။

၆။ ဖရုသဝါစာဝိရတီ-ကြမ်းတဲ့စကားများကို ပြောဆို ခြင်းမှ ရှောင်ရမယ်။

၇။ သမ္ဖပ္ပလာပဝါစာ ဝိရတီ- ပြိန်ဖျင်းတဲ့စကား ဆို ခြင်းမှရှောင်ရမယ်၊ ဒီ ၄- ပါးတို့က နှုတ်နဲ့စပ်ပြီး ရှောင်ရတဲ့အတွက် ဝစီ-ဒုစရိုက်လို့ မှတ်။

၈။ အထက်ပါဒုစရိုက် ၇- ပါးတို့နဲ့ အသက်မွေးခြင်း ကိုလဲ ရှောင်ကြရမယ်။

ရှောင်တယ်ဆိုတာ မကောင်းတဲ့ ဒုစရိုက်အကျင့်ကို သီလနဲ့ တဒင်္ဂတခဏပယ်တဲ့ ပဟာန်အလုပ်ပါဘဲ၊ ဒီလိုပယ်ရတဲ့ တရား ကို ပယ်ထားယင် သမ္မန်ဂ်လို့ဆိုတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့် သီလ ဟာ ယောဂီရဲ့သန္တာန်မှာ ပြည့်စုံနေပြီဆိုတာကို သဘော ပေါက်ပါ။

အထူးမှတ်စရာကတော့သီလလုပ်ငန်းဖြစ်စေ၊သမာဓိလုပ်ငန်း ဖြစ်စေ၊ ပညာစခန်းမှာဘဲဖြစ်စေ၊ မိမိက ပဟာန်- ဆိုတဲ့ ပယ် စရာရှိတာကို မပယ်လို့ရှိယင် ပြည့်စုံတဲ့ သမ္မန်ဂ်တရားဟာ ဘယ် နည်းနဲ့မှ မရဘူးဆိုတာကို ဧကန် - ဧက မှတ်ကြစမ်းပါ၊ ဒီလို ကျင့်ရတဲ့ သီလအကျိုးက မနဲလှပါဘူး

ဟီနေန ဗြဟ္မစရိယေန၊
ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊
ဥတ္တမေန ဝိသုဇ္ဈတိ။ ။(နေမိဇာတ်ပါဠိတော်)

ဟီနေန = အယုတ်ဆုံးဖြစ်သော၊ ဗြဟ္မစရိယေန = သီလ အကျင့်ကြောင့်၊ခတ္တိယေ=မင်းမျိုး၌၊ဥပပဇ္ဇတိ= ဖြစ်နိုင်သေး၏၊ မဇ္ဈိမေန စ=အလတ်စား သီလကြောင့်ကား၊ ဒေဝတ္တံ= နတ်၏

အဖြစ်၌၊ ဥပပဇ္ဇတိ=ဖြစ်နိုင်ပါ၏၊ ဥတ္တမေန= အမြတ်ဆုံး သီလကြောင့်၊ ဝိသုဇ္ဈတိ = ပဋိစ္စသမုပ္ပါဒ်သံသရာမှ မြန်မကြာ လွတ်မြောက်၍ နိဗ္ဗာန်ပေါက် စင်ကြယ်နိုင်လေသတည်း။

ယခု ဟောပြတဲ့ နေမိဇာတ် ပါဠိတော်အရမှာဆိုယင် သီလအကျိုးများဟာ အညံ့စားသီလကြောင့် မင်းမျိုးမှာဖြစ်ရတယ်၊ အလတ်စားသီလကို စောင့်ထိန်းယင် နတ်ပြည်မှာ ဖြစ်ရတယ်၊ အမြတ်ဆုံးသီလကို စောင့်ထိန်းနိုင်ယင် ပဋိစ္စသမုပ္ပါဒ်သံသရာက စင်ကြတ်စွာလွတ်မြောက်ပြီးနိဗ္ဗာန်သို့ပေါက်ရောက်နိုင်ပါသတဲ့။

ဒါ့ကြောင့် ယခုတရားနာပရိသတ်များလဲ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းမြတ်စင်ကြယ်တဲ့ အာဇီဝဋ္ဌမကသီလကို ပဌမဦးစွာ ခိုင်လုံအောင်စောင့်ထိန်းကြရမယ်၊ ဒီသီလကို စောင့်ထိန်းထားတဲ့ယောဂီမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဆိုတဲ့ သီလက္ခန္ဓမဂ္ဂင် ၃-ပါး ပြည့်စုံနေပါတယ်၊ ဒီမဂ္ဂင်၃-ပါးက ကိုယ်-နှုတ်နဲ့လွန်ကြူး ကျင့်မှားတဲ့ ဝီတိက္ကမကိလေသာကို တဒင်္ဂပယ်သတ်နိုင်တယ်၊ သစ္စာကို သိမြင်ပြီး နိဗ္ဗာန်ဝင်တဲ့ လမ်းမှာ ကိလေသသတ်တဲ့လက်နက်ကောင်း ဆိုတာ "သီလေ ပတိဋ္ဌာယ နရော သပ္ပညော" သပ္ပညော= တိဟိတ်ညာဏ်နှင့် တကွသော ပညာရှိသည်၊ သီလေ= မင်္ဂနဲ့လျော်သော အာဇီဝဋ္ဌမကသီလ၌၊ ပတိဋ္ဌာယ=တည်ပြီးမှ-လို့ဆိုတဲ့အတိုင်း သီလကို ဝိသုဒ္ဓိဖြစ်အောင် စောင့်ထိန်းမှု အလုပ်ပါဘဲ၊ ဒီလို သီလဝိသုဒ္ဓိရှိပြီးတဲ့ ယောဂီများဟာ "စိတ္တံ ပညဉ္စ ဘာဝယံ" ဆိုတဲ့အတိုင်း စိတ်တည်ငြိမ်ဘို့-သစ္စာဉာဏ်ရဘို့ဆိုတဲ့ သမာဓိလုပ်ငန်း၊ ပညာလုပ်ငန်းများတို့ကို ဆက်လက် လုပ်ကိုင်ကြရမယ်။

## သမာဓိလုပ်ငန်း

သမာဓိလုပ်ငန်းဆိုတာမှာလဲ အကျဉ်းအားဖြင့်ဆိုယင် ၂-မျိုးရှိပါတယ်၊ ကသိုဏ်းပညတ် သမာဓိတမျိုး၊ သတိပဋ္ဌာန်သမာဓိကတမျိုးပါဘဲ၊ ဒီ ၂-မျိုးမှာ ကသိုဏ်းပညတ် သမာဓိလုပ်ငန်းရဲ့အကျိုးမှာ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်မျှဘဲ ရနိုင်ပါတယ်၊ မဂ်ဉာဏ်ကို မရနိုင်ဘူးတဲ့။

သတိပဋ္ဌာန် သမာဓိလုပ်ငန်းကတော့ အဘိဉာဏ်နှင့် တကွ မဂ်ဉာဏ်ကိုပါ ရနိုင်ပါတယ် အခုဟောတဲ့ သမာဓိလုပ်ငန်း ပဋိပတ္တိက္ကမ ကျင့်စဉ်လမ်းမှာ တေဝိဇ္ဇာဉာဏ်လမ်းအရ အဘိညာဏ်ကိုပါ ရလောက်တဲ့ စတုတ္ထဈာန်သမာဓိကိုရအောင် အားမထုတ်နိုင်သော်လဲ သတိပဋ္ဌာန် သမာဓိလုပ်ငန်းကို အားထုတ်ကြိုးစားကြယင် စိတ်ထဲမှာ ထကြွတဲ့ ပရိယုဋ္ဌာန ကိလေသာကို ဝိက္ခမ္ဘန ပယ်သတ်နိုင်တဲ့ သမာဓိက္ခဏမဂ္ဂင် ၃-ပါးကို ရနိုင်ပါတယ်။

အဲဒီ မဂ္ဂင်၃-ပါးကိုရဘို့ ယောဂီများအားထုတ်ကြရမဲ့ သတိပဋ္ဌာန် သမာဓိလုပ်ငန်းဆိုတာ သတိပဋ္ဌာန်လုပ်ငန်းဘဲ ဖြစ်တယ်၊ ဒီလုပ်ငန်းမှာ အကျဉ်းအားဖြင့် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဆိုတဲ့သတိပဋ္ဌာန် လေးပါးရှိတယ်၊ အကျယ် ပဗ္ဗအားဖြင့်ဆိုယင် ၂၁-ဖွဲ့ရှိပါတယ်၊ အဲဒီသတိပဋ္ဌာန် လုပ်ငန်းစဉ် တရားများကို သဒ္ဓါနဲ့ဟော၊ သဒ္ဓါနဲ့နာကြဘို့ကောင်းပါတယ်၊ ဒါပေမယ့်လို့ ဘုရားရှင်က သတိပဋ္ဌာန်တမျိုးကို ပိုင်ပိုင်နိုင်နိုင်- မိမိရရ အားထုတ်ယင် သတိပဋ္ဌာန်လေးပါးအလုပ် အားထုတ်ပြီးသား ဖြစ်တယ်ဆိုတာ ဟောတော်မူတဲ့အတိုင်း ကိလေသာကို သတ်ပြီး သစ္စာသိမြင်-နိဗ္ဗာန်ဝင်တဲ့လုပ်ငန်းအဖြစ်နဲ့ သမ္ဗဇ္ဈပဗ္ဗကို အလုပ်ပေးတရားအဖြစ်နဲ့ ဟောပါမယ်၊ ကြိုးစားပြီး နားထောင်ကြ။

စတုတ္ထအကြိမ်ရိုက်

၁။ "အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ" မိမိရဲ့ကိုယ်ကို ရှေးတိုးတဲ့အခါ နောက်ဆုတ်တဲ့အခါမှာ သတိနဲ့ သိရမယ်။

၂။ အာလောကိတေ ဝိလောကိတေ သမ္ပဇာန ကာရီ ဟောတိ= ရှေ့ကိုကြည့်တဲ့အခါဘေးစောင်း ကြည့်တဲ့အခါမှာ သတိရှိရမယ်၊ သတိရှိရင် စိတ်ငြိမ်လာတယ်။

၃။ သမိဉ္ဇိတေ ပသာရိတေ၊ သမ္ပဇာနကာရီ ဟောတိ= လက်၊ ခြေများကိုကွေးတဲ့အခါ ဆန့်တဲ့အခါမှာလဲ သတိရှိပြီး သိနေပါ။

၄။ သံဃာဋိပတ္တ စီဝရဓာရဏေ (ရဟန်းများ အတွက်) ဒုကုဋ်၊ သပိတ်၊ သင်္ကန်းများကို ဝတ်ရုံ ကိုင်တွယ်တဲ့ အခါမှာ သတိရှိပြီး သိရမယ်၊လူယောဂီများဖြစ်ယင် အဝတ်၊အရုံ၊အခြုံ၊ အခင်းများကို သုံးစွဲတဲ့အခါများမှာ သတိရှိပြီး သိကြရမယ်။

၅။ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ=စားရာ၊သောက်ရာ၊ခဲရာမှာလဲ သတိရှိပြီ သိရမယ်။

၆။ ဥစ္စာရ ပဿာဝ ကမ္မေသမ္ပဇာနကာရီ ဟောတိ=ကျင်ကြီး ကျင်ငယ်စွန့်တဲ့အခါများမှာလဲသတိရှိပြီး သိ၊သိနေရမယ်။

၇။ ဂတေ ဌိတေ နိသိန္နေသုတ္တေ ဇာဂရိတေ သမ္ပဇာန ကာရီ ဟောတိ= သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊နိုးရာ အခါ များလဲ သတိရှေ့သွားပြီး သိနေရမယ်၊ ဒီလို သတိနဲ့ သိ-သိ နေတဲ့ သတိပဋ္ဌာန်လုပ်ငန်းရဲ့ အကျိုးမှာ ပုဗ္ဗေနိဝါသ ဉာဏ်နှင့် တကွ ပညာပါရင် မဂ်ဉာဏ်အထိ ရနိုင်တဲ့အလုပ်ဖြစ်တယ် ဆို တာကို ယုံယုံကြည်ကြည် မှတ်လိုက်ကြစမ်းပါ။

ဒါကြောင့် ဒီသမာဓိ လုပ်ငန်းမှာ ခုနကဟောခဲ့တဲ့ ဣရိ

ယာပုတ် ပြောင်းလဲလှုပ်ရှားမှုများကို အားထုတ်နေတာက အမှန်ပြုလုပ်တဲ့သမ္မာဝါယမ မဂ္ဂင်ဖြစ်တယ်၊ သတိရှိနေတာက အမှန်ကို အောက်မေ့တဲ့ သမ္မာသတိ ဖြစ်ပါတယ်၊ ဒီမဂ္ဂင် ၂-ပါးကြောင့် အာရုံများအပေါ်မှာ အမှန်တည်နေတဲ့ သမ္မာသမာဓိ မဂ္ဂင်ဖြစ်နေပါတယ်၊ ဒီသမာဓိက္ခန္ဓမဂ္ဂင် ၃-ပါးတို့က ယောဂီရဲ့ စိတ်ထဲမှာ ထကြွလာတဲ့ ပရိယုဋ္ဌာန ကိလေသာကို ဝိက္ခမ္ဘန ပယ်သတ်နိုင်တဲ့သမာဓိမဂ်လက်နက်လို့မှတ်၊ ဒီမဂ္ဂင်ကျင့်လမ်းမှာ သမာဓိရမှုက အရေးကြီးတယ်၊ ဘာကြောင့် လဲ လို့ ဆိုယင် ဘယ်လူမျိုးမဆို စိတ်ရဲ့တည်ငြိမ်မှုမရှိယင် စိတ်လှုပ်ရှားမှု၊ စိတ်ရဲ့ ဖေါက်ပြန် လှုပ်ရှားမှုတွေ ဖြစ်လာတယ်၊ ဒီဖြစ်လာယင် စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်တွေဖြစ်ပွားပြီး ဒုက္ခများကြတာဘဲ၊ စိတ်ငြိမ်တဲ့ သမာဓိလုပ်ငန်းရှိယင် စိတ်ကြောင့်ဖြစ်တဲ့အကုသိုလ်လဲ ချုပ်ငြိမ်းသွားတယ်၊မဖြစ်ဘူးသေးတဲ့ သမာဓိတရားလဲ ရလာတယ်၊ အဲဒီ ရလာတဲ့ သမာဓိတွေ လက်ရှိဖြစ်နေယင် "သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ" ဆိုသောဒေသနာပြည့်စုံယင် ပညာစခန်း ပွင့်လာပြီး အဟုတ်အမှန် တရားကို သိနိုင်ပါတယ်၊ ဒါကြောင့် ဒီသမာဓိရမှုလုပ်ငန်းကိုတော့ မမေ့တန်း မလွတ်တန်း ကြိုးစား အားထုတ်ကြပါလို့ အထူး တိုက်တွန်းလိုက်ပါတယ်။

## ပညာလုပ်ငန်း

ပညာလုပ်ငန်းဆိုတာ တခြားမဟုတ်ပါဘူး၊ယောဂီကိုယ်တိုင် အားထုတ်လုပ်ကိုင်နေတဲ့ သမ္ဗောဇ္ဈသကီပဋ္ဌာန် သမာဓိလုပ်ငန်းစဉ်မှာ စိတ်ရဲ့ တည်ကြည် ငြိမ်သက်မှုကို ရရှိလာတဲ့အခါမှာ အသိခံရတဲ့ အာရုံနဲ့ သိ-သိနေတဲ့ စိတ်ဟာ ဖြစ်ပြီး ပျက်နေတဲ့ ဒုက္ခသစ္စာပါဘဲ၊ အဲဒီဖြစ်ပျက်ဒုက္ခကို ချမ်းသာလို့မသိနဲ့၊ ဒုက္ခ

လို့သိပေး၊သိယင် သစ္စာဉာဏ်လို့မှတ်၊ ဒီဒုက္ခသစ္စာ ပိုင်းခြားပြီး သိရတာဘဲလို့ သိယင် ကိစ္စဉာဏ်ပြီးတော့၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်မိမိရရ သိပြီးယင် ကတဉာဏ်မှတ်ရမည်၊ ဒီလို ပိုင်းခြားထင်ထင် ဒုက္ခသစ္စာကို သိမြင်တာဟာ ဒုက္ခအရိယသစ္စာပါဘဲ၊ ဒီသစ္စာကိုသိပြီးယင် ဒုက္ခသစ္စာဉာဏ်ကို လက်မလွှတ်စေဘဲ ဒုက္ခသမုဒယ အရိယသစ္စာကို ဆင်ခြင်ရမယ်။

"ယာယံတဏှာ ပေါနောဗ္ဘဝိကာနန္ဒီရာဂ သဟဂတာ၊ တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့...." လို့ ဘုရားရှင်ဟောတော်မူတဲ့ ဓမ္မစကြာအရ သမုဒယသစ္စာဆိုတာ ဘဝ အသစ်အသစ်ကိုလဲ တဖန် ဖြစ်စေတယ်၊ နှစ်သက်ရာ ရာဂနဲ့လဲဖြစ်တဲ့အာရုံ ၅-ပါးကို တပ်မက်တဲ့ ကာမတဏှာ, ဘုံဘဝကိုတပ်မက်တဲ့ ဘဝတဏှာ, အလိုလို ဘဝပြတ်တယ်ဆိုတဲ့အယူနဲ့ တပ်မက်တဲ့ ဝိဘဝတဏှာ၊ ဒီတဏှာ ၃-မျိုးဟာ ဒုက္ခသစ္စာကိုဖြစ်စေတဲ့အကြောင်းတရားလို့ ဆင်ခြင်ရမယ်၊အဲဒီသမုဒယသစ္စာကို ဒုက္ခရဲ့အကြောင်းခံ အကြောင်းမှန်လို့သိပါက သစ္စာဉာဏ်၊ ဒီသစ္စာဟာ ပယ်ရမှာလို့ သိတာက ကိစ္စဉာဏ်၊ဒီသစ္စာကို ပယ်ပြီးပြီလို့သိတာက ကတဉာဏ်လို့မှတ်။

အခုဟောခဲ့တဲ့ လုပ်ငန်းစဉ်အရ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်၍ သမုဒယသစ္စာကို ပယ်သတ်ခြင်းကိစ္စပြီးနေတဲ့ယောဂီမှာ ဒုက္ခနိရောဓ အရိယသစ္စာကို မျက်မှောက်ပြုတဲ့ ကိစ္စဘဲ ရှိတော့တယ် အဲဒီ နိရောဓသစ္စာဆိုတာကတော့....

ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော
စာဂေါ ပဋိနိဿဂ္ဂေါ, မုတ္တိ,အနာလယော....
လို့ ဘုရားရှင် ဟောတော်မူတဲ့ အတိုင်း နိရောဓ သစ္စာဟာ

စတုတ္ထအကြိမ်ရိုက်

ဒုက္ခငြိမ်းတာဘဲလို့သိယင် သစ္စာဉာဏ်၊ ဒုက္ခသစ္စာ ငြိမ်းတာအမှန်ကို မျက်မှောက်ပြုရတယ်လို့သိယင် ကိစ္စဉာဏ် ယောဂီ ကိုယ်တိုင် မျက်မှောက်ပြုပြီးပြီလို့သိယင် ကတဉာဏ်လို့မှတ်၊ အဲဒီကတဉာဏ်ရောက် မျက်မှောက်ပြုဘို့အရေးက သတိပဋ္ဌာန်လုပ်ငန်းစဉ်အရ အရှုအသိခံရတဲ့ အာရုံတွေပေါ်မှာ ရှုတဲ့စိတ်ပေါ်မှာမြင်မှု့ ကြားမှု့ နံမှု့ စားမှု့ ထိမှု အာရုံတွေ အပေါ်မှာရော တပ်မက်စွဲလန်းခြင်းကင်းပြတ်သွားအောင် စာဂေါ ယောဂီက စွန့်ပယ်ရမယ်၊ ပဋိနိဿဂ္ဂေါ-အကြိမ်ကြိမ်အထပ်ထပ် စွန့်ပယ်ရမယ်၊ ဒီလိုစွန့်ပယ်ယင် မုတ္တိလွတ်ပြီ အနာလယော အာလယ်ပြတ်ကင်းပြီဆိုတာ ဘုရားဟောဖြစ်ပါတယ်၊ ဒီနေရာမှာ သမ္မာဒိဋ္ဌိ သစ္စာ ၄-ပါးအမှန်တရားကိုမြင်ခြင်း၊ သမ္မာသင်္ကပ္ပ ကာမဝိတက် ဗျာပါဒဝိတက်, ဝိဟိံသဝိတက်ဆိုတဲ့ မိစ္ဆာဝိတက် ၃-ပါးကလွတ်၍ နေက္ခမဝိတက်, အဗျာပါဒဝိတက်, အဟိံသဝိတက်ဆိုတဲ့သမ္မာဝိတက် ၃-ပါးနှင့်ပြည့်စုံပြီး သမာသင်္ကပ္ပမဂ္ဂင်လဲ ပါဝင်ပြီးဖြစ်သွားပါပြီ။ ဒါကြောင့် ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းတရားနဲ့ သစ္စာသိမြင် နိဗ္ဗာန်ဝင်တရားကို နာကြားကြတဲ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဒီနေ့ကစပြီး မင်္ဂရောက်ဖိုလ်ဝင်ဖြစ်တဲ့ တရားအစဉ်ကို ဘုရားရှင် အလိုတော်အရ ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

**တခန်းရပ်ပြီ....**

ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆက်လက်ဟောကြားပါဦးမည်။ မျှော်ပါ-

**ဖြန့်ချိရာဌာန။ ။ရတနာပုံဆရာချစ်**

အမှတ် ၁၃၉(၁)လမ်း၊ ကေတုမာလာရိပ်သာ၊ တောင်ဥက္ကလာ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၆၆၇၁)

ထုတ်ဝေသူ

ဦးကျော်-ကင်းလွတ်ခွင့်အမှတ်( ၀၂၁၇၅ )
အမှတ်(၇၀)၊ ဩဘာလမ်း - ကျောက်မြောင်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးတင်- မှတ်ပုံတင်အမှတ် (၀၀၃၇)
ယောဂီပုံနှိပ်တိုက် အမှတ် ၂၄၅-လွှစက်လမ်း၊
ရန်ကုန်မြို့။